



မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်

ခွင့်ပြုမိန့်

ခွင့်ပြုမိန့်အမှတ် မနသ-၂၆၅/၉၉ ၁၉၉၉ ခုနှစ်၊ ဇွန် လ ၂၅ ရက်။

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၀ အရ ဤခွင့်ပြုမိန့်ကို ထုတ်ပေးလိုက်သည်။

(က) ရင်းနှီးမြှုပ်နှံသူ၏အမည် ဦး ရန်ရှင်း နေဝင်

(ခ) အဘအမည် ဦး ရန်ဖူး ကျူး

(ဂ) နိုင်ငံသား/အမျိုးသားမှတ်ပုံတင်အမှတ် ၁၃/လဂန(နိုင်)၀၀၆၆၆၁

(ဃ) နေရပ်လိပ်စာ တိုက်(၅၅)၊ ၂လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။

(င) ဖွဲ့စည်းထားသည့် သို့မဟုတ် ဖွဲ့စည်းမည့် အဖွဲ့အစည်း မိုးတောင်တန်းစက်မှုကုမ္ပဏီလီမိတက်(Moe Taung Tann Industry Co., Ltd.)

(စ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်မည့် လုပ်ငန်းအမျိုးအစား နံရံသုတ်ပွတင်းများ (Wall Putty) ထုတ်လုပ်ခြင်း လုပ်ငန်း

(ဆ) ရင်းနှီးမြှုပ်နှံမှုပြုလုပ်သည့် အရပ်ဒေသ(များ) ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်(၂)၊ အကွက်အမှတ်(၁၃၉)နှင့်(၁၆၀)

(ဇ) မတည်ငွေရင်းပမာဏ(ကျပ်) ၃၄.၅၀သန်း (ကျပ်သုံးဆယ့်လေးသန်း ငါးသိန်း တိတိ)

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်
အမိန့် ကြော်ငြာစာအမှတ်၊ ၅၆ /၉၉ (မနသ)
ရန်ကုန်မြို့၊ ၁၃၆၁ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁၃ ရက်။
(၁၉၉၉ ခုနှစ်၊ ဇွန်လ ၂၅ ရက်)

၁။ မြန်မာကုမ္ပဏီဖြစ်သော မိုးတောင်တန်း စက်မှု ကုမ္ပဏီ လီမိတက် (Moe Taung Tann Industry Co., Ltd.) တည်ထောင်၍ ဦးမောင်ရင် အမည်ဖြင့် အသုံးပြုခွင့် ရရှိထားသော မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနပိုင်၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်(၂)၊ မြေကွက်အမှတ် (၁၃၉)နှင့် (၁၆၀)ရှိ မြေ(၃.၈)ဧက (၁၅၃၇၈.၀၇ စတုရန်းမီတာ)နှင့် အဆောက်အဦကို ငှါးရမ်းပြီး၊ နံရံသုတ် ပူတင်းများ (Wall Putty) ထုတ်လုပ်ခြင်း လုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ဆောင်ရွက်ခွင့်ပြုပါရန် အဆိုပြု တင်ပြချက်အား (၄–၆–၉၉)နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၉/၉၉) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ရာ ကော်မရှင်မှ မူအားဖြင့် သဘောတူညီခဲ့ပြီး၊ အစိုးရအဖွဲ့သို့ ဆက်လက်တင်ပြရန် ဆုံးဖြတ်ချက်နှင့်အညီ(၁၇–၆–၉၉)နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့၏ (၂၁/၉၉) ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ရာ အစည်းအဝေးမှ သဘောတူကြောင်း ဆုံးဖြတ်ခဲ့ပါသည်။ အဆိုပါ ဆုံးဖြတ်ချက်အရ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်သည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း (၅)၊ ပုဒ်မ ၁၀ အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို ကျင့်သုံးလျက် မိုးတောင်တန်း စက်မှု ကုမ္ပဏီ လီမိတက် (Moe Taung Tann Industry Co., Ltd.)အား နံရံသုတ်ပူတင်းများ (Wall Putty) ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်နိုင်ရန် အတွက်ခွင့်ပြုမိန့် အမှတ်၊ မနသ– ၂၆၅/၉၉ ကို ထုတ်ပေး လိုက်သည်။

၂။ မိုးတောင်တန်း စက်မှု ကုမ္ပဏီ လီမိတက် (Moe Taung Tann Industry Co., Ltd.) အနေဖြင့် ဤခွင့်ပြုမိန့်အရ ထုတ်လုပ်မှု လုပ်ငန်း ဆောင်ရွက်ရာတွင် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေ အခန်း(၇)၊ ပုဒ်မ ၁၂ အရ ကုန်ထုတ်လုပ်မှု လုပ်ငန်းစတင်သော နှစ်အပါအဝင် တစ်ဆက်တည်း (၃)နှစ်အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့်နှင့် ဥပဒေ ပုဒ်မ ၁၃ ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အောက်ဖော်ပြပါ အခွန်ကင်းလွတ်ခွင့်နှင့် သက်သာခွင့်များကို ခံစားခွင့်ပြုနိုင်ရန် ဤအမိန့် ကြော်ငြာစာကို ထုတ်ပြန်လိုက်သည်။

(က) ဥပဒေပုဒ်မ ၁၃(က)အရ လုပ်ငန်း၏ ရင်းနှီးမြှုပ်နှံမှုတွင် ပါဝင်သော နိုင်ငံခြားငွေ ပမာဏ အပေါ် မူတည်၍ ဝင်ငွေခွန် သက်သာခွင့် ခံစားနိုင်ရန်အတွက် ကနဦး ရင်းနှီးမြှုပ်နှံမှု ကာလ အတွင်း နိုင်ငံခြားငွေဖြင့် ရင်းနှီးမြှုပ်နှံသည့်ပမာဏကို ဖော်ပြလျက် လုပ်ငန်းအကောင်အထည် ဖော်မှု အခြေအနေပေါ် မူတည်၍ ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(ခ) ဥပဒေပုဒ်မ ၁၃(ခ)အရ လုပ်ငန်းက နိုင်ငံခြားသို့ တင်ပို့ရောင်းချခြင်းမှ နိုင်ငံခြားငွေဖြင့် ရရှိသည့် အမြတ်ငွေအပေါ်တွင် (၅၀) ရာခိုင်နှုန်းအထိ ကာလအကန့်အသတ်ဖြင့် ဝင်ငွေခွန် သက်သာခွင့် ခံစားနိုင်ရန်အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့် (၃) နှစ်ခံစားပြီးနောက် လုပ်ငန်း၏ အမှန်တကယ် အကောင်အထည် ဖော်နိုင်မှု အခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြ လျှောက်ထားရမည်။

(ဂ) ဥပဒေပုဒ်မ ၁၃(ဂ)အရ ထုတ်လုပ်မှု လုပ်ငန်းကြောင့် သတ်မှတ်သည့် နှုန်းအထိ ပြည်တွင်း ပြည်ပ ဝင်ငွေတိုးတက်မှု ရှိပါက သတ်မှတ်ချက်နှင့် အညီ ဝင်ငွေခွန် သက်သာခွင့် ခံစားနိုင်ရန်အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့်ကာလ ကုန်ဆုံးပြီးသည့်အခါ လုပ်ငန်း အကောင်

အထည်ဖော် ဆောင်ရွက်နိုင်မှု အခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(ဃ) ဥပဒေပုဒ်မ ၁၃(စ)အရ လုပ်ငန်းမှ ရရှိသည့် အမြတ်ငွေကို သီးသန့် ရန်ပုံငွေထား၍ တစ်နှစ်အတွင်း လုပ်ငန်း၌ ပြန်လည် ရင်းနှီးမြှုပ်နှံလျှင် ထိုအမြတ်ငွေအပေါ်တွင် ဝင်ငွေခွန် ကင်းလွတ်ခွင့် (သို့မဟုတ်) သက်သာခွင့် ခံစားနိုင်ရန်အတွက် ဝင်ငွေခွန် ကင်းလွတ်ခွင့် ကာလ ကုန်ဆုံးပြီး၍ အမှန်တကယ် ပြန်လည် ရင်းနှီးမြှုပ်နှံမှုပြုသည့်အခါ လုပ်ငန်း အမှန်တကယ် အကောင်အထည် ဖော်နိုင်မှု အခြေအနေကို ဖော်ပြလျက် ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(င) ဥပဒေပုဒ်မ ၁၃(ဆ)အရ လုပ်ငန်းသုံး မတည်ပစ္စည်းများ အပေါ် တန်ဖိုးလျော့ငွေ ကို သတ်မှတ်သည့် နှုန်းအတိုင်း နှစ်တိုတို နှင့် မူလတန်ဖိုး ပြည့်မီသည်အထိ အမြတ်ငွေမှ နှုတ်ပယ်ခွင့်နှင့် စပ်လျဉ်း၍ ယင်းတန်ဖိုးလျော့ နှုန်းထားများကို ဤကော်မရှင်သို့ တင်ပြလျှောက်ထားရမည်။

(စ) ဥပဒေပုဒ်မ ၁၃(ဇ)အရ ကနဦး ရင်းနှီးမြှုပ်နှံမှု ကာလအတွင်း ပြည်တွင်း၌ မရရှိနိုင်သည့် အမှန်တကယ် လိုအပ်၍ ပြည်ပမှတင်သွင်းသော စက်ပစ္စည်း၊ စက်အရန်ပစ္စည်း၊ စက်ကိရိယာ အစိတ်အပိုင်း၊ လုပ်ငန်းသုံး ပစ္စည်းများအပေါ် အကောက်ခွန် နှင့် အခြား ပြည်တွင်း အခွန် အကောက်များကို ကင်းလွတ်ခွင့်ပြုသည်။

(ဆ) ဥပဒေပုဒ်မ ၁၃(ဈ)အရ သတ်မှတ်ထားသည့် ကနဦး ရင်းနှီးမြှုပ်နှံမှု ကာလကုန်ဆုံး၍ ပထမ (၃)နှစ်အတွက် ကုန်ထုတ်လုပ်ရန် ပြည်ပမှ တင်သွင်းသည့် ကုန်ကြမ်းများ၊ လုပ်ငန်းသုံး ပစ္စည်းများအပေါ်တွင် အကောက်ခွန်နှင့် အခြားပြည်တွင်း အခွန်အကောက်များကို ကင်းလွတ်ခွင့် ပြုသည်။

(ဇ) ဥပဒေပုဒ်မ ၁၃(ည)အရ ထုတ်လုပ်မည့် ကုန်ပစ္စည်းများကို ပြည်ပသို့ တင်ပို့ရောင်းချမှု အပေါ် ကုန်သွယ် လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုသည်။

၃။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေပုဒ်မ ၁၃(ဇ) နှင့် (ဈ) အရ ပြည်ပမှ တင်သွင်းသည့် စက်ပစ္စည်းများ၊ စက်အရန်ပစ္စည်းများ၊ ကုန်ကြမ်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် ပတ်သက်၍ အောက်ပါ အတိုင်း လိုက်နာ ဆောင်ရွက်ရမည်။

(က) ပြည်ပမှတင်သွင်းမည့် ပစ္စည်းများအတွက် နိုင်ငံခြားငွေ ရရှိပုံနည်းလမ်း (Source of Payments for Import) ဥပမာ – ပြည်ပတင်ပို့မှု မှ ဝင်ငွေ၊ ပြည်ပချေးငွေ (Loan and Credits)၊ ကုန်ပစ္စည်း ပြန်လည် ဝယ်ယူသည့်စံနစ် (Buy-back System)၊ ရွှေ့ဆိုင်းငွေပေးချေစနစ် (Deferred Payment System)စသည်တို့ကို ဖော်ပြရန်။

(ခ) တင်သွင်းမည့် ပစ္စည်းအမျိုးအစား၊ အရည်အသွေး၊ စံချိန်စံညွှန်းများ၊ ဈေးနှုန်းများ သင့်မြတ်မှု စသည်တို့နှင့် စပ်လျဉ်း၍ နိုင်ငံတကာ အသိအမှတ်ပြုထားသည့် စစ်ဆေးရေးကိုယ်စားလှယ် (Inspection Agency) ၏ စစ်ဆေးမှုဖြင့် ဆောင်ရွက်ရန်။

(ဂ) စစ်ဆေးရေး ကိုယ်စားလှယ်၏ စစ်ဆေးပြီးကြောင်း အထောက်အထား (Inspection Certificate) ဖြင့် တင်သွင်းမည့် ပစ္စည်းအမျိုးအစား စာရင်း (Invoice and Packing List) များကို နိုင်ငံခြား မတည်ငွေရင်း တန်ဖိုး သတ်မှတ်ရေးအဖွဲ့ထံသို့ တင်ပြ၍ ထောက်ခံချက် ရယူရန်။

၄။ မိုးတောင်တန်း စက်မှု ကုမ္ပဏီ လီမိတက် (Moe Taung Tann Industry Co., Ltd.)သည် လုပ်ငန်းအတွက် ပြည်ပမှ စက်ပစ္စည်းများ၊ စက်အရန် ပစ္စည်းများ၊လုပ်ငန်းသုံး ပစ္စည်းများနှင့် ကုန်ကြမ်းများကို ပြည်ပချေးငွေ (Loan and Credits)၊ ကုန်ပစ္စည်း ပြန်လည်ဝယ်ယူသည့်စံနစ် (Buy-back System)၊ ရွှေ့ဆိုင်း ငွေပေးချေစံနစ် (Deferred Payment System) စသည်တို့ဖြင့် ဝယ်ယူတင်သွင်းပြီး၊ ပြန်လည်ပေးဆပ်သည့် အခါ အဆိုပြု လုပ်ငန်းမှရရှိသည့် တရားဝင် နိုင်ငံခြားငွေဖြင့်သာ ပေးဆပ်ရမည်။

၅။ အဆိုပြုလုပ်ငန်းအတွက် ပြည်ပမှ စက်ပစ္စည်းများ၊ စက်အရန် ပစ္စည်းများ၊ လုပ်ငန်းသုံး ပစ္စည်းများနှင့် ကုန်ကြမ်းများကို ပြည်ပချေးငွေ (Loan and Credits)၊ ကုန်ပစ္စည်း ပြန်လည်ဝယ်ယူသည့်စံနစ် (Buy-back System)၊ ရွှေ့ဆိုင်း ငွေပေးချေစံနစ် (Deferred Payment System) စသည်တို့ဖြင့် ရယူဆောင်ရွက် ခြင်းသည် နိုင်ငံတော်နှင့် သက်ဆိုင်ခြင်း မရှိဘဲ ချေးငွေပေးသူနှင့် ယူသူတို့၏ တာဝန်သာ ဖြစ်စေရမည်။

၆။ အဆိုပြုချက်နှင့်အတူ ပူးတွဲတင်ပြသည့် သက်ဆိုင်ရာစာချုပ်စာတမ်းများကို တည်ဆဲဥပဒေများနှင့် အညီ ကုမ္ပဏီအား တရားဝင် ဖွဲ့စည်းတည်ထောင်ပြီးမှသာ နှစ်ဦးနှစ်ဖက်လက်မှတ်ရေးထိုး ချုပ်ဆိုကြရမည်။

၇။ မိုးတောင်တန်း စက်မှု ကုမ္ပဏီ လီမိတက် (Moe Taung Tann Industry Co., Ltd.) သည် ဤခွင့်ပြုမိန့်အရ လုပ်ငန်း ဆောင်ရွက်ရာတွင် မူလအဆိုပြုလွှာ၌ ဖော်ပြထားသည့် ထုတ်လုပ်မှုနှင့် ပြည်ပတင်ပို့မှု ရည်မှန်းချက်များကို အနိမ့်ဆုံး ရည်မှန်းချက်များ အဖြစ် ထားရှိဆောင်ရွက် အကောင်အထည် ဖော်ရမည်။

၈။ မိုးတောင်တန်း စက်မှု ကုမ္ပဏီ လီမိတက် (Moe Taung Tann Industry Co., Ltd.)သည် ဤအဆိုပြု လုပ်ငန်း၏ စာရင်းများကို သီးခြားပြုစုထားရှိရမည်။

၉။ မိုးတောင်တန်း စက်မှု ကုမ္ပဏီ လီမိတက် (Moe Taung Tann Industry Co., Ltd.)ကို မြန်မာနိုင်ငံ ကုမ္ပဏီများ အက်ဥပဒေနှင့်အညီ မှတ်ပုံတင်နိုင်ရန် အတွက် ကုမ္ပဏီများ ညွှန်ကြားမှုဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာနသို့ လျှောက်ထားရမည်။ ကုမ္ပဏီအား မှတ်ပုံတင်ပြီးသည့် အခါ အောက်ဖော်ပြပါ စာရွက်စာတမ်း (၅) စောင်စီကို ဤကော်မရှင်သို့ မပျက်မကွက် ပေးပို့ တင်ပြရမည်။

(က) ကုမ္ပဏီ မှတ်ပုံတင် လက်မှတ် (Certificate of Incorporation)

(ခ) ကုမ္ပဏီများ ညွှန်ကြားမှု ဌာနက အတည်ပြုပြီးဖြစ်သည့် မြန်မာ–အင်္ဂလိပ် နှစ်ဘာသာဖြင့် ပြုစုထားသော ကုမ္ပဏီ သင်းဖွဲ့စည်းမျဉ်း နှင့် သင်းဖွဲ့မှတ်တမ်းများ (Memorandum and Articles of Association)

၁၀။ အဆိုပြုလုပ်ငန်းကို ဆောင်ရွက်နိုင်ရန်အတွက် မြေနှင့်အဆောက်အဦး အငှါးချထားသူ ဦးမောင်ရင် နှင့် အငှါး ချထားခြင်း ခံရသူ မိုးတောင်တန်း စက်မှု ကုမ္ပဏီ လီမိတက် (Moe Taung Tann Industry Co., Ltd.) တို့ချုပ်ဆိုမည့် မြေနှင့်အဆောက်အဦး ငှါးရမ်းခြင်း သဘောတူ စာချုပ်ကို လက်မှတ် ရေးထိုးပြီးသည့်အခါ ယင်းသဘောတူ စာချုပ် မိတ္တူ (၅) စောင်ကို ဤကော်မရှင်သို့ မပျက်မကွက် ပေးပို့ တင်ပြရမည်။

၁၁။ အဆိုပြုလုပ်ငန်း ဆောင်ရွက်ရာတွင် မြေအသုံးပြုမှု နှင့် စပ်လျဉ်း၍ နိုင်ငံတော် အစိုးရမှ မြေယာ နှင့် ပတ်သက်၍ သတ်မှတ် ပြဋ္ဌာန်းမည့် စည်းကမ်းသတ်မှတ်ချက်များကို တိကျစွာ လိုက်နာဆောင်ရွက်ရမည်။

၁၂။ မိုးတောင်တန်း စက်မှု ကုမ္ပဏီ လီမိတက် (Moe Taung Tann Industry Co., Ltd.)မှ နိုင်ငံခြားသား ကျွမ်းကျင်သူများ ငှားရမ်းခွင့် ကိစ္စနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေဆိုင်ရာ လုပ်ထုံးလုပ်နည်းများ အခန်း(၉)၊ အပိုဒ် ၃၃ပါ သတ်မှတ်ချက်များနှင့်အညီ ဤကော်မရှင်သို့ သီးခြား တင်ပြလျှောက်ထားရမည်။

၁၃။ အဆိုပြု လုပ်ငန်းဆောင်ရွက်ရန်အတွက် ပြည်တွင်းအလုပ်သမားများ ခန့်ထားရာတွင် အလုပ်သမား ဝန်ကြီးဌာန၊ အလုပ်သမား ညွှန်ကြားမှု ဦးစီးဌာန နှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

၁၄။ မိုးတောင်တန်း စက်မှု ကုမ္ပဏီ လီမိတက် (Moe Taung Tann Industry Co., Ltd.) သည် ဤခွင့်ပြုမိန့်အရ ထုတ်လုပ်မှုလုပ်ငန်း ဆောင်ရွက်ရာ၌ ပတ်ဝန်းကျင် လေထု၊ ရေထု၊ မြေထု ညစ်ညမ်းမှု၊ မီးဘေးအန္တရာယ် စသည်များ၊ မဖြစ်ပေါ်စေရန်အတွက် လိုအပ်သည့် ပတ်ဝန်းကျင် ညစ်ညမ်းမှု ထိန်းသိမ်းကာကွယ်ရေး အစီအမံများကို ဝန်ခံကတိပြုထားသည့်အတိုင်း စံနစ်တကျ ထားရှိ ဆောင်ရွက်ရမည်။ ယင်းသို့ ဆောင်ရွက်ထားရှိမှု အခြေအနေကို ဤကော်မရှင်သို့ မပျက်မကွက် အစီရင်ခံ ရမည်။

၁၅။ မိုးတောင်တန်း စက်မှု ကုမ္ပဏီ လီမိတက် (Moe Taung Tann Industry Co., Ltd.) သည် ပူးတွဲပါ ကနဦးလုပ်ငန်း ဆောင်ရွက်မှု အစီရင်ခံစာကို ဤခွင့်ပြုမိန့်ရရှိပြီး ၃(သုံး)လအတွင်း ဤကော်မရှင်သို့ မပျက်မကွက် အစီရင်ခံရမည်။

၁၆။ အဆိုပြု လုပ်ငန်းစတင်ဆောင်ရွက်သည့် နေ့ရက်ကို ဤကော်မရှင်သို့ မပျက်မကွက် အစီရင်ခံရမည်။

၁၇။ ဤခွင့်ပြုမိန့် ထုတ်ပေးသည့် နေ့မှစ၍ တစ်နှစ်အတွင်း အဆိုပြုလုပ်ငန်း စတင် ဆောင်ရွက်ခြင်း မပြုနိုင်ပါက ဤခွင့်ပြုမိန့်သည် အလိုအလျောက် ပျက်ပြယ်ပြီးဖြစ်သည်ဟု မှတ်ယူရမည်။

အ မိန့် အ ရ –

(ဗိုလ်မှူးချုပ် မောင်မောင်)
အတွင်းရေးမှူး

စာအမှတ်၊ ရက–၁/မ–၃၆၅/၉၉ (၃၂၄၅)
ရက်စွဲ၊ ၁၉၉၉ ခုနှစ်၊ ဇွန်လ ၂၅ ရက်။

ဖြန့်ဝေခြင်း–

၁။ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌရုံး။
၂။ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေး ကောင်စီ ရုံး။
၃။ အစိုးရအဖွဲ့ရုံး။
၄။ စစ်မဟာဗျူဟာ လေ့လာရေးရုံး၊ ကာကွယ်ရေး ဝန်ကြီးဌာန။
၅။ အမှတ်(၁) စက်မှု ဝန်ကြီးဌာန။
၆။ အမျိုးသား စီမံကိန်း နှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန။
၇။ အလုပ်သမား ဝန်ကြီးဌာန။

၈။ စီးပွားရေး နှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန။
၉။ ဆက်သွယ်ရေး၊ စာတိုက် နှင့် ကြေးနန်း ဝန်ကြီးဌာန။
၁၀။ ဘဏ္ဍာရေး နှင့် အခွန်ဝန်ကြီးဌာန။
၁၁။ လူဝင်မှု ကြီးကြပ်ရေး နှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန။
၁၂။ လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန။
၁၃။ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံတော် ဗဟိုဘဏ်။
၁၄။ ဥက္ကဋ္ဌ၊ နိုင်ငံခြားမတည်ငွေရင်းတန်ဖိုး သတ်မှတ်ရေး အဖွဲ့ငယ်။ (ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုစက်ပစ္စည်း စာရင်းအင်း နှင့် စစ်ဆေးရေး ဦးစီးဌာန။)
၁၅။ ညွှန်ကြားရေးမှူးချုပ်၊ ရင်းနှီးမြှုပ်နှံမှု နှင့် ကုမ္ပဏီများ ညွှန်ကြားမှု ဦးစီးဌာန။
၁၆။ ညွှန်ကြားရေးမှူးချုပ်၊ အလုပ်သမား ညွှန်ကြားမှု ဦးစီးဌာန။
၁၇။ ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေး ညွှန်ကြားမှု ဦးစီးဌာန။
၁၈။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ ဆက်သွယ်ရေး လုပ်ငန်း။
၁၉။ ညွှန်ကြားရေးမှူးချုပ်၊ အကောက်ခွန် ဦးစီးဌာန။
၂၀။ ညွှန်ကြားရေးမှူးချုပ်၊ ပြည်တွင်း အခွန်များ ဦးစီးဌာန။
၂၁။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ အာမခံ လုပ်ငန်း။
၂၂။ ညွှန်ကြားရေးမှူးချုပ်၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာန။
၂၃။ ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ လျှပ်စစ်ဓါတ်အား လုပ်ငန်း။
၂၄။ ညွှန်ကြားရေးမှူးချုပ်၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာန။
၂၅။ ဥက္ကဋ္ဌ၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များ နှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်။
၂၆။ ဒါရိုက်တာ၊ မိုးတောင်တန်း စက်မှု ကုမ္ပဏီ လီမိတက် (Moe Taung Tann Industry Co., Ltd.)။

အမိန့်အရ –

(မောင်မောင်ရီ)
တွဲဖက်အတွင်းရေးမှူး

ပြည်ထောင်စု မြန်မာနိုင်ငံတော်
မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်

စာအမှတ် ၊ ရက-၁/ မ-၉၉၀/ ၉၉ (၂၉၇၅)။
ရက်စွဲ ၊ ၁၉၉၉ ခုနှစ်၊ ဇွန်လ ၁၁ ရက်။

ပြည်ထောင်စု မြန်မာနိုင်ငံတော် အစိုးရအဖွဲ့သို့
တင်ပြသည့်အမှာစာ

အကြောင်းအရာ။ မိုးတောင်တန်း စက်မှု ကုမ္ပဏီ လီမိတက် တည်ထောင်၍ နံရံသုတ် ပူတင်းများ (Wall Putty) ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ရန် အဆိုပြု တင်ပြခြင်းကိစ္စ။

၁။ မြန်မာကုမ္ပဏီဖြစ်သော မိုးတောင်တန်း စက်မှု ကုမ္ပဏီ လီမိတက် (Moe Taung Tann Industry Co., Ltd.) တည်ထောင်၍ နံရံသုတ် ပူတင်းများ (Wall Putty) ထုတ်လုပ်ခြင်း လုပ်ငန်းကို မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ ဆောင်ရွက်ရန် အဆိုပြု တင်ပြလာပါသည်။ ယင်းအဆိုပြုချက်ကို (၄-၆-၉၉)နေ့တွင် ကျင်းပ ပြုလုပ်ခဲ့သည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ (၉/၉၉)ကြိမ်မြောက် အစည်းအဝေးသို့ တင်ပြခဲ့ပါသည်။ ယင်းအစည်းအဝေးမှ လုပ်ငန်းဆောင်ရွက်ရန် မူအားဖြင့် သဘောတူပြီး၊ အစိုးရအဖွဲ့သို့ ဆက်လက် တင်ပြရန် ဆုံးဖြတ်ချက်အရ တင်ပြခြင်းဖြစ်ပါသည်။ အဆိုပြုချက်နှင့်အတူ ရှေ့ဆိုင်းငွေပေးချေခြင်းစနစ် သဘောတူစာချုပ် (မူကြမ်း)နှင့် မြေနှင့် အဆောက်အဦ ငှါးရမ်းခြင်း သဘောတူစာချုပ် (မူကြမ်း) တို့ကို နောက်ဆက်တွဲ(၁) အဖြစ်ပေးပို့ထားပါသည်။

၂။ ယင်းလုပ်ငန်း၏ မတည်ငွေရင်း ပမာဏမှာ အမေရိကန်ဒေါ်လာ (၀.၀၈၈)သန်း အပါအဝင် ကျပ်(၃၄.၅၀)သန်း ဖြစ်ပါသည်။ ယင်းတွင် ငွေသားကျပ်(၁၅.၀၀)သန်း၊ စက်ပစ္စည်းကိရိယာ တန်ဖိုးကျပ် (၀.၄၅)သန်း {အမေရိကန်ဒေါ်လာ (၀.၀၇၅)သန်း}၊ ပရိဘောဂ နှင့် လုပ်ငန်းသုံးပစ္စည်း တန်ဖိုးကျပ် (၂.၀၀)သန်း နှင့် ကုန်ကြမ်းပစ္စည်း တန်ဖိုးကျပ် (၁၇.၀၅)သန်း {အမေရိကန်ဒေါ်လာ (၀.၀၁၃)သန်း အပါအဝင်} ထည့်ဝင်မည် ဖြစ်ပါသည်။ စက်ပစ္စည်းကိရိယာနှင့် ကုန်ကြမ်းပစ္စည်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ် Dian Chuan Trade and Industry Corporation မှ ရှေ့ဆိုင်းငွေပေးချေခြင်းစနစ်ဖြင့် အတိုးမဲ့ ဝယ်ယူမည်ဖြစ်ပြီး ဆိုင်းငံ့ကာလ (၂)နှစ်ဖြင့် (၇)နှစ်အတွင်း ပြန်လည် ပေးဆပ်ရမည် ဖြစ်ပါသည်။

၃။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် ဦးမောင်ရင် အမည်ဖြင့် အသုံးပြုခွင့် ရရှိထားသော မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနပိုင်၊ ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုန်(၂)ရှိ မြေကွက်အမှတ် (၁၃၉)နှင့် (၁၆၀)ရှိ မြေ(၃.၈)ဧက (၁၅၃၇၈.၀၇ စတုရန်းမီတာ)နှင့် အဆောက်အဦကို ငှါးရမ်းပြီး၊ နံရံသုတ် ပူတင်းများ ထုတ်လုပ်ခြင်း လုပ်ငန်းကို ဆောင်ရွက်မည် ဖြစ်ပါသည်။

၄။ ယင်းလုပ်ငန်း၏ ပုံမှန်နှစ်တွင် နံရံသုတ် ပူတင်း ကီလိုဂရမ် ထောင်ပေါင်း (၉၉၀) ထုတ်လုပ်မည်ဖြစ်ပြီး၊ ထုတ်လုပ်မှု၏ (၂၀)ရာခိုင်နှုန်းကို ပြည်ပသို့ တင်ပို့၍ ပြည်တွင်းတွင် (၈၀)ရာခိုင်နှုန်း ရောင်းချမည်ဖြစ်ပါသည်။ နံရံသုတ် ပူတင်း တစ်ကီလိုဂရမ်လျှင် ပြည်ပသို့ အမေရိကန်ဒေါ်လာ (၀.၅၀)နှုန်း၊ ပြည်တွင်းတွင် ကျပ်(၁၈၀)နှုန်းဖြင့် ရောင်းချမည်ဖြစ်ပါသည်။

၅။ ယင်းလုပ်ငန်းအတွက် လိုအပ်သော ကုန်ကြမ်းပစ္စည်းများကို ပြည်တွင်း ပြည်ပမှ ဝယ်ယူမည်ဖြစ်ပါသည်။

၆။ ယင်းလုပ်ငန်းကို ဆောင်ရွက်ခြင်းဖြင့် ပုံမှန်နှစ်တွင် ရရှိမည့်ဝင်ငွေနှင့် အသုံးစရိတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(ကျပ်သန်း)

	ပြည်တွင်း	နိုင်ငံခြား	စုစုပေါင်း
(က) ဝင်ငွေ	၁၄၂.၅၆	၀.၅၉	၁၄၃.၁၅
(ခ) အသုံးစရိတ်	၁၃၅.၁၀	၀.၀၉	၁၃၅.၁၉
(ဂ) အသားတင်အမြတ်	၇.၄၆	၀.၅၀	၇.၉၆

၇။ ယင်းလုပ်ငန်းကိုဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်မှ ပုံမှန်နှစ်တွင် ရရှိမည့် အကျိုးအမြတ် ခန့်မှန်းခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) ဝင်ငွေခွန်	ကျပ်	၃.၂၀ သန်း
	အမေရိကန်ဒေါ်လာ	၀.၀၂ သန်း
(ခ) ကုန်သွယ်လုပ်ငန်းခွန်	ကျပ်	၂၃.၇၆ သန်း

၈။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် ပြည်တွင်းမှ ဝန်ထမ်း (၃၅)ဦးနှင့် ပြည်ပမှ ဝန်ထမ်း(၁)ဦး စုစုပေါင်း (၃၆)ဦး ခန့်ထား ဆောင်ရွက်မည် ဖြစ်ပါသည်။

၉။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် အမှတ်(၁) စက်မှု ဝန်ကြီးဌာနသို့ သဘောထားမှတ်ချက်တောင်းခံခဲ့ရာ ကန့်ကွက်ရန်မရှိကြောင်း အကြောင်းပြန်ကြားလာပါသည်။

၁၀။ ယင်းလုပ်ငန်းသည် မြန်မာနိုင်ငံသားများသာလျှင် ပိုင်ဆိုင်သော လုပ်ငန်းဖြစ်ပြီး၊ နိုင်ငံခြားမှ မည်သူမျှပိုင်ဆိုင်မှု မရှိကြောင်း၊ ကုန်ချောတင်ပို့ရန် ဈေးကွက်ရှိပြီး ဖြစ်ကြောင်း၊ မြေယာနှင့် ပတ်သက်၍ သတ်မှတ်ပြဋ္ဌာန်းမည့် စည်းကမ်းသတ်မှတ်ချက်များကို လိုက်နာမည် ဖြစ်ကြောင်း၊ လုပ်ငန်းအသစ် ဖြစ်ကြောင်း၊ ပတ်ဝန်းကျင် ညစ်ညမ်းမှုနှင့် မီးဘေးအန္တရာယ်များအတွက် ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထားမည်ဖြစ်ကြောင်း၊ ချေးငွေ ရယူခြင်းသည် နိုင်ငံတော်နှင့် သက်ဆိုင်ခြင်းမရှိဘဲ ချေးငွေပေးသူနှင့် ယူသူတို့၏တာဝန်သာဖြစ်ကြောင်း၊ ယင်းချေးငွေကို လုပ်ငန်းမှ ထွက်ရှိသော ကုန်ချောပစ္စည်းများကို Buy-Back System အရ ပြန်လည် တင်ပို့မည် ဖြစ်သဖြင့် ရောင်းရငွေမှ ပစ္စည်းဖိုးကို ခုနှိမ်မည်ဖြစ်ကြောင်းနှင့် ၄င်းတို့၏ကိုယ်ပိုင် အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်ဖြန့်ဖြူး ရောင်းချမည်ဖြစ်ကြောင်း ဝန်ခံကတိ ပြုထားပါသည်။

လျှို့ဝှက်

ပြည်ထောင်စုမြန်မာနိုင်ငံတော်

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်

စာအမှတ်၊ ရက - ၆(ခ)/၉၉၀/၉၉(၂၃၂၂)။
ရက်စွဲ ၊ ၁၉၉၉ ခုနှစ်၊ မေလ ၂၅ ရက်။

အမှာစာ

အကြောင်းအရာ။ ။ မိုးတောင်တန်းစက်မှုကုမ္ပဏီလီမိတက်တွင် ဆောင်ချွန်နံရံသုတ်ပုတ္တင်းများ (Wall Putty) ထုတ်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အဆိုပြုတင်ပြခြင်း ကိစ္စ။

၁။ မြန်မာကုမ္ပဏီဖြစ်သော မိုးတောင်တန်းစက်မှုကုမ္ပဏီလီမိတက် (Moe Taung Tann Industry Co.Ltd)တွင် ဆောင်ချွန် နံရံသုတ်ပုတ္တင်းများ(Wall Putty) ထုတ်လုပ်ခြင်းလုပ်ငန်းကိုမြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေအရဆောင်ရွက်ရန်အဆိုပြုတင်ပြလာပါသည်။ ယင်းအဆိုပြုချက်ကို (၃၀-၄-၉၉) နေ့တွင်ကျင်းပပြုလုပ်ခဲ့သည့်မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ (၇/၉၉) ကြိမ်မြောက်ကြိုတင်ညှိနှိုင်းအစည်းအဝေးသို့တင်ပြခဲ့ရာယင်း အစည်းအဝေးမှလုပ်ငန်း ဆောင်ရွက်ရန်မူအားဖြင့်သဘောတူပြီး မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်အစည်းအဝေးသို့ဆက်လက်တင်ပြရန်ဆုံးဖြတ်ချက် အရတင်ပြခြင်းဖြစ်ပါသည်။ အဆိုပြုချက်နှင့်အတူ ရွှေ့ဆိုင်းငွေ ပေးချေခြင်းစနစ်သဘောတူ စာချုပ်(မူကြမ်း)၊ မြေနှင့်အဆောက်အဦ ငှားရမ်းခြင်းသဘောတူစာချုပ်(မူကြမ်း) နှင့်ငွေရေးကြေးရေးဆိုင်ရာအချက်အလက်များကိုနောက်ဆက်တွဲ(က) ဖြင့်တင်ပြထားပါသည်။

၂။ ယင်းလုပ်ငန်း၏မတည်ငွေရင်းပမာဏမှာ အမေရိကန်ဒေါ်လာ (၀.၀၈၈) သန်းအပါအဝင်ကျပ်(၃၄.၅၀) သန်းဖြစ်ပါသည်။ ယင်းတွင် ငွေသား ကျပ် (၁၅.၀၀) သန်း၊ စက်ပစ္စည်းကိရိယာတန်ဖိုးကျပ်(၀.၄၅) သန်း [အမေရိကန်ဒေါ်လာ (၀.၀၇၅) သန်း] ပရိဘောဂနှင့်လုပ်ငန်းသုံးပစ္စည်းတန်ဖိုးကျပ်(၂.၀၀) သန်းနှင့် ကုန်ကြမ်းပစ္စည်းတန်ဖိုးကျပ်(၁၇.၀၅) သန်း [အမေရိကန်ဒေါ်လာ(၀.၀၁၃) သန်း အပါအဝင်] တို့ပါဝင်မည်ဖြစ်ပါသည်။ စက်ပစ္စည်းကိရိယာနှင့်ကုန်ကြမ်းပစ္စည်းများကိုတရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ယူနန်ပြည်နယ်၊ Dian Chuan Trade and Industry Corporation မှ ရွှေ့ဆိုင်းငွေ ပေးချေခြင်းစနစ်ဖြင့်အတိုးမဲ့ဝယ်ယူမည်ဖြစ်ပြီး ဆိုင်းငံ့ကာလ(၂) နှစ်ဖြင့် (၇) နှစ်အတွင်း ပြန်လည်ပေးဆပ်ရမည်ဖြစ်ပါသည်။

လျှို့ဝှက်

၃။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက် ဦးမောင်ရင်အမည်ဖြင့်အသုံးပြုခွင့်ရရှိထားသော မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေး ဦးစီးဌာနပိုင်ရန်ကုန်မြို့၊ မှိုင်သာယာမြို့နယ်၊ စက်မှုဇုန်(၂)ရှိမြေကွက်အမှတ်(၁၃၉)နှင့်(၁၆၀)ရှိ မြေ(၂ .၈)ဧက(၁၁၃၇၇ .၀၇ စတုရန်းမီတာ)နှင့်အဆောက်အဦ ကိုငှားရမ်းပြီး နံရံသုတ်ပူတင်းများထုတ်လုပ်ခြင်း လုပ်ငန်းကို ဆောင်ရွက်မည်ဖြစ်ပါသည်။

၄။ ယင်းလုပ်ငန်းမှပုံမှန်နှစ်တွင် နံရံသုတ်ပူတင်းကီလိုဂရမ် သောင်းပေါင်း (၈၈၀) ထုတ်လုပ်မည်ဖြစ်ပြီး ထုတ်လုပ်မှု(၂၀)ရာခိုင်နှုန်းကိုပြည်ပသို့တင်ပို့၍ ပြည်တွင်း တွင်(၈၀)ရာခိုင်နှုန်းရောင်းချမည်ဖြစ်ပါသည်။ နံရံသုတ်ပူတင်းတစ်ကီလိုဂရမ်လျှင်ပြည်ပသို့အမေရိကန်ဒေါ်လာ(၀ .၅၀)နှုန်း၊ ပြည်တွင်းတွင်ကျပ်(၁၀၀)နှုန်းဖြင့်ရောင်းချမည်ဖြစ်ပါသည်။

၅။ ယင်းလုပ်ငန်း အတွက်လိုအပ်သော ကုန်ကြမ်း ပစ္စည်းများ ကိုပြည်တွင်း ပြည်ပမှ ဝယ်ယူမည်ဖြစ်ပါသည်။

၆။ ယင်းလုပ်ငန်းကို ဆောင်ရွက်ခြင်း ဖြင့်ပုံမှန်နှစ်တွင်ရရှိမည့်ဝင်ငွေ နှင့်အသုံး စရိတ်ခန့်မှန်း ခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(ကျပ်သန်း)

	ပြည်တွင်း	နိုင်ငံခြား	စုစုပေါင်း
(က) ဝင်ငွေ	၁၄၂ .၁၆	၀ .၈၉	၁၄၃ .၀၅
(ခ) အသုံးစရိတ်	၁၃၅ .၁၀	၀ .၀၉	၁၃၅ .၁၉
(ဂ) အသားတင်အမြတ်	၇ .၄၆	၀ .၈၀	၇ .၈၆

၇။ ယင်းလုပ်ငန်း ကို ဆောင်ရွက်ခြင်းဖြင့်ပုံမှန်နှစ်တွင်နိုင်ငံတော်မှရရှိမည့်အကျိုးအမြတ်ခန့်မှန်း ခြေမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

(က) ဝင်ငွေခွန် ကျပ်၃ .၂၀သန်း
အမေရိကန်ဒေါ်လာ ၀ .၀၂သန်း

(ခ) ကုန်သွယ်လုပ်ငန်းခွန်ကျပ်၂၃ .၇၆သန်း

၈။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက်ပြည်တွင်းမှဝန်ထမ်း(၃၅)ဦးနှင့်ပြည်ပမှဝန်ထမ်း(၁)ဦး စုစုပေါင်း(၃၆)ဦး ခန့်ထားဆောင်ရွက်မည်ဖြစ်ပါသည်။

၉။ ယင်းလုပ်ငန်းကို ဆောင်ရွက်ရန်အတွက်အမှတ်(၁)စက်မှုဝန်ကြီးဌာနသို့ သဘောထားမှတ်ချက်တောင်းခံခဲ့ရာ ကန့်ကွက်ရန်မရှိကြောင်း အကြောင်းပြန်ကြားလာပါသည်။

၁၀။ ယင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် ငွေရေး ကြေး ရေးကိုင်ရာ အထောက်အထားအဖြစ်ကုမ္ပဏီဒါရိုက်တာဖြစ်သူ ဦးရန်နိုင် နေဝင်း၏ အာဂျာ နတ်လီမိတက်ရှိ [illegible] စာရင်း ကိုတင်ပြထား ပါသည်။

၁၁။ ယင်း လုပ်ငန်း ဆောင်ရွက်ရန်အတွက် မော်တော်ယာဉ်တင်သွင်း ခွင့် နှင့်ပတ်သက်၍ တည် ဆောက် ရေး ကားအမျိုးအစား Wagon တစ်စီး ၊ Truck တစ်စီး ၊ ကိုအခွန်အ ကောက်ကင်း လွတ်ခွင့်ပြု၍လည်း ကောင်း ၊ လုပ်ငန်း စတင် ဆောင်ရွက်ချိန် တွင် Saloon တစ်စီး ကို (၃၀) ရာခိုင်နှုန်းအခွန်အ ကောက်ဆောင်ခွင့်ပြု၍ လည်း ကောင်း ၊တင်သွင်း ခွင့်ပြုရန် မြန်မာနိုင်ငံရင်း နှီး မြှုပ်နှံမှုကော်မရှင် (၇/၉) ကြိမ် မြောက်ကြိုတင်ညှိနှိုင်း အစည်း အဝေး မှ ဆုံး ဖြတ်ခဲ့ပါသည်။

၁၂။ ယင်း လုပ်ငန်း သည်မြန်မာနိုင်ငံသား များ သာလျှင်ပိုင်ဆိုင် သော လုပ်ငန်းဖြစ်ပြီး နိုင်ငံခြား မှ ရင်းနှီးမြှုပ်နှံမှုမရှိ ကြောင်း ၊ ကုန် ချောတင်ပို့ရန် ဈေး ကွက်ရှိပြီး ဖြစ် ကြောင်း ပြည်သူနှင့်ပတ်သက်၍ သတ်မှတ်ပြဋ္ဌာန်း သည့်စည်း ကမ်း ချက်များ ကိုလိုက်နာမည်ဖြစ် ကြောင်း ၊ လုပ်ငန်း အသစ်ဖြစ် ကြောင်း ၊ ပတ်ဝန်း ကျင် ညစ်ညမ်း မှုနှင့်မီး ဘေး အန္တရာယ်များ အတွက်ကြိုတင်ကာကွယ်မှုများ ပြုလုပ်ထား မည် ဖြစ် ကြောင်း ၊ ချေး ငွေ ရယူခြင်း သည် နိုင်ငံတော်နှင့်သက်ဆိုင်ခြင်း မရှိဘဲ ချေး ငွေ ပေး သူနှင့်ယူသူတို့တာဝန်သာဖြစ် ကြောင်း ၊ ယင်း ချေး ငွေကိုလုပ်ငန်း မှထွက်ရှိ သောကုန် ချောပစ္စည်း များ ကို Buy-Back System ဖြင့်ပြန်လည်တင်ပို့မည်ဖြစ် သဖြင့် ရောင်း ရ ငွေမှ ပေးချေကြွေး ဖိုး ကိုခုနှိမ်မည်ဖြစ် ကြောင်း နှင့်၎င်း တို့၏ကိုယ်ပိုင် အမှတ်တံဆိပ်ဖြင့်ထုတ်လုပ်ဖြန့်ဖြူး ရောင်း ချမည်ဖြစ် ကြောင်း ၊ ဝန်ခံကတိပြုထား ပါသည်။

၁၃။ မြန်မာနိုင်ငံသား များ ရင်း နှီး မြှုပ်နှံမှုဥပ ဒေပုဒ်မ ၂၂ နှင့်၂၃ ပါအခွန်ကင်း လွတ်ခွင့်နှင့်သက်သာခွင့်များ ကိုခံစား ခွင့်ပြုရန် လျှောက်ထား ထား ပါသည်။ ဥပ ဒေပုဒ်မ ၂၂အရစီး ပွား ရေး လုပ်ငန်း စတင် သော နှစ်အပါအဝင်တစ်ဆက်တည်း (၃) နှစ်အတွက်ဝင် ငွေ ခွန်ကင်း လွတ်ခွင့် ပေး ရမည်ဖြစ်ပါသည်။ ဥပ ဒေပုဒ်မ ၂၃အရ အခွန်ကင်း လွတ်ခွင့်နှင့်သက်သာ ခွင့်များ ကို ဆောင်း ခံစား ရသယ်း [illegible] ပေါ် သုံးသပ် ချက်ကို ပူး တွဲတင်ပြထား ပါသည်။

၁၄။ ဆုံးဖြတ်ရန်အချက်။

(က) မိုး ဘောင်တန်း စက်မှုကုမ္ပဏီလီမိတက်တွင် ဆောင်မြဲ နံရံ သုတ်ပုတင်း မှုန့် (Wall Putty) ထုတ်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ရန်အဆိုပြုတင်ပြခြင်း ကိုခွင့်ပြုရန် သဘောတူ - မတူ။

(ခ) သဘောတူပါက အထက်အပိုဒ် (၁၃) ပါအခွန်ဆိုင်ရာကင်း လွတ်ခွင့်နှင့်သက်သာခွင့်များ ကိုခံစား ခွင့်ပြုရန် သဘောတူ - မတူ။

အတွင်းရေးမှူး (ကိုယ်စား)
[မောင်မောင်ရီ၊ တွဲဖက်အတွင်းရေးမှူး]

မြန်မာ့နိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်။

* ရေး - ၂၄-၅-၉၉။

လျှို့ဝှက်

ပူးတွဲ

မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုဥပဒေပုဒ်မ ၁၃အရ အခွန်ကင်းလွတ်ခွင့်နှင့်သက်သာခွင့်များ ရရှိရေးအတွက် လျှောက်ထားချက်အပေါ် အောက်ပါအတိုင်း သုံးသပ်တင်ပြပါသည်။

- ဥပဒေပုဒ်မ ၁၃ (က)အရလုပ်ငန်း၏ရင်းနှီးမြှုပ်နှံမှု တွင်ပါဝင်သောနိုင်ငံခြား ငွေပမာဏအပေါ် မူတည်၍ ဝင်ငွေခွန်သက်သာခွင့်နှင့်ပတ်သက်၍ကနဦး ရင်းနှီးမြှုပ်နှံမှုကာလ အတွင်း နိုင်ငံခြားငွေဖြင့်ရင်းနှီးမြှုပ်နှံသည့်ပမာဏကိုဖော် ပြလျက် ကော်မရှင်သို့ လျှောက်ထားလာသည့်အခါစဉ်းစားခွင့်ပြု သင့်ပါသည်။

- ဥပဒေပုဒ်မ ၁၃(ခ)အရလုပ်ငန်းမှပြည်ပသို့တင်ပို့ရောင်း ချခြင်းမှ နိုင်ငံခြားငွေဖြင့်ရရှိသည့်အမြတ်ငွေအပေါ် (၅၀%) ဝင်ငွေခွန်သက်သာခွင့်နှင့်ပတ်သက်၍လုပ်ငန်း၏အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအခြေအနေကိုဖော်ပြ လျှက်ပထမဝင်ငွေခွန်ကင်းလွတ်ခွင့်(၃)နှစ်ခံစားပြီးနောက် ကော်မရှင်သို့ လျှောက်ထားလာသည့်အခါစဉ်းစားခွင့်ပြုသင့် ပါသည်။

- ဥပဒေပုဒ်မ ၁၃(ဂ)အရကုန်ထုတ်လုပ်မှုကြောင့်ပြည်တွင်း၊ ပြည်ပဝင်ငွေတိုးတက်မှုရှိပါကသတ်မှတ်ချက်နှင့်အညီဝင်ငွေခွန် သက်သာခွင့်ကိုလုပ်ငန်းအကောင်အထည်ဖော်မှုအရလျှောက်ထား လာသည့်အခါစဉ်းစားခွင့်ပြုသင့်ပါသည်။

- ဥပဒေပုဒ်မ ၁၃(ဃ)အရသွင်းကုန်အစားထိုးလုပ်ငန်း အဖြစ်အကျိုးအမြတ်နည်းသည့်လုပ်ငန်းအပေါ်သင့်လျော်သော ကာလအထိဝင်ငွေခွန်သက်သာခွင့်တောင်းခံခြင်းတို့အကျုံး ဝင်ခြင်းမရှိဟုသုံးသပ်ရပါသည်။

လျှို့ဝှက်

* ငွေး

- ဥပဒေပုဒ်မ ၁၃ (စ) အရလုပ်ငန်းမှ ရရှိသည့်အမြတ်ငွေကို တစ်နှစ်အတွင်း ပြန်လည်ရင်းနှီးမြှုပ်နှံပါကထိုအမြတ်ငွေပေါ် တွင် ဝင်ငွေခွန်ကင်းလွတ်ခွင့်သို့မဟုတ်သက်သာခွင့်ကို အမှန် တကယ်ပြန်လည်ရင်းနှီးမြှုပ်နှံမှုပြုသည့်အခါ လျှောက်ထားလာ ပါကခွင့်ပြုသင့်ပါသည်။
- ဥပဒေပုဒ်မ ၁၃ (ဆ) အရလုပ်ငန်းသုံး မတည်ပစ္စည်းများ အပေါ် တန်ဖိုးလျော့ငွေကိုသတ်မှတ်သော နှုန်းအတိုင်း နှစ်တိုတို နှင့် မူလတန်ဖိုးပြည့်မီသည်အထိ အမြတ်ငွေမှ နုတ်ပယ် ခွင့်နှင့် ပတ်သက်၍ လျှောက်ထားလာသည့်အခါ ကော်မရှင်မှသတ် မှတ် သည့်နှုန်းအတိုင်း ခွင့်ပြုသင့်ပါသည်။
- ဥပဒေပုဒ်မ ၁၃ (ဇ) အရကနဦး ရင်းနှီးမြှုပ်နှံမှုကာလ အတွင်း တင်သွင်းလာသည့်စက်ပစ္စည်းများအပေါ် အကောက် ခွန်နှင့်အခြားပြည်တွင်း အခွန်အကောက်များ ကင်းလွတ်ခွင့် ပြုသင့်ပါသည်။
- ဥပဒေပုဒ်မ ၁၃ (ဈ) အရကနဦးရင်းနှီးမြှုပ်နှံမှုကာလ ကုန်ဆုံး၍ ပထမ (၃) နှစ်အတွက်တင်သွင်း သည့်လုပ်ငန်းသုံး ပစ္စည်းများ အပေါ်တွင်အကောက်ခွန်နှင့်အခြား ပြည်တွင်း အခွန်အကောက်များ ကင်းလွတ်ခွင့်ပြုသင့်ပါသည်။
- ဥပဒေပုဒ်မ ၁၃ (ည) အရထုတ်လုပ်မည့်ပစ္စည်းများပြည်ပ သို့တင်ပို့ရောင်း ချမှုအပေါ် ကုန်သွယ်လုပ်ငန်း ခွန်ကင်းလွတ် ခွင့်ကိုခွင့်ပြုသင့်ပါသည်။

ပုံစံ (မနသ–၁)

မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေအရ

ရင်းနှီးမြှုပ်နှံလိုသူ၏ အဆိုပြုချက်

[ဥပဒေပုဒ်မ ၂ ပုဒ်မခွဲ (ဂ) နှင့် ပုဒ်မ ဂ]

သို့

ဥက္ကဋ္ဌ
မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၊
ရန်ကုန်မြို့။

စာအမှတ်၊

ရက်စွဲ၊ ၁၉၉၉ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၄) ရက်။

ကျွန်တော်/ကျွန်မသည် မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့်အညီ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်းရင်းနှီးမြှုပ်နှံလိုပါသဖြင့် ခွင့်ပြုမိန့်ထုတ်ပေးပါရန်အောက်ပါအချက်များကိုဖော်ပြ၍ လျှောက်ထားအပ်ပါသည်။

၁။ ရင်းနှီးမြှုပ်နှံလိုသူ၏–

(က) အမည်	– **ဦးရန်ရှင်းနောင်**
(ခ) အဖအမည်	– **ဦးရန်ဖုးကျူး**
(ဂ) နိုင်ငံသား / အမျိုးသားမှတ်ပုံတင်အမှတ်	– **၁၃/လရန(နိုင်) ၀၈၆၆၆၁**
(ဃ) နေရပ်လိပ်စာ	– **တိုက် (၅၅)၊ ၂လမ်း လမ်းမတော်မြို့နယ်၊ရန်ကုန်။**
(င) လူမျိုး၊ဘာသာ	– **တရုတ်/ ဗုဒ္ဓဘာသာ**
(စ) အဖွဲ့အစည်းအမည်	–
(ဆ) လုပ်ငန်းအမျိုးအစား	–
(ဇ) အဖွဲ့အစည်းတည်နေရာအရပ်	– **တိုက် (၅၅)၊ ၂လမ်း လမ်းမတော်မြို့နယ်၊ ရန်ကုန်။**

၂။ ဖက်စပ်ပြုလုပ်၍ ရင်းနှီးမြှုပ်နှံလိုပါက ဖက်စပ်ပြုလုပ်မည့်သူများ၏–

(က) အမည် (၁) .... (၂) ....

....

....

(ခ) အဖအမည် (၁) .... (၂) ....

....

....

(ဂ) နိုင်ငံသား/အမျိုးသားမှတ်ပုံတင်အမှတ်

(၁) .... (၂) ....

....

....

(ဃ) နေရပ်လိပ်စာ (၁) .... (၂) ....

....

....

(င) လူမျိုးဘာသာ (၁) .... (၂) ....

....

....

(စ) အဖွဲ့အစည်းအမည် ....

(ဆ) လုပ်ငန်းအမျိုးအစား ....

(ဇ) အဖွဲ့အစည်းတည်ရှိရာအရပ် ....

....

(နှစ်ဦး သို့မဟုတ် အဖွဲ့အစည်း ၂ ခုထက်ပိုပါက သီးခြားစာရွက်တွင်ဖော်ပြပူးတွဲရန်)

၃။ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုသည့် လုပ်ငန်းအမျိုးအစား–

(က) **ကုန်ထုတ်လုပ်မှုလုပ်ငန်း –နံရံသုတ်မှုတင်း(Wall Putty) ထုတ်လုပ်ခြင်းလုပ်ငန်း။**

(ခ) ဝန်ဆောင်မှုလုပ်ငန်း – ....

(ကုန်ပစ္စည်းအမည် သို့မဟုတ် ဝန်ဆောင်မှုအမျိုးအစားကိုဖော်ပြရန်)

၄။ လုပ်ကိုင်မည့်စီးပွားရေးပုံစံ-

(က) နိုင်ငံသားနှင့် နိုင်ငံသားတို့က အစုစပ်လုပ်ကိုင်ဆောင်ရွက်ခြင်း။

--------------- **လီမိတက်ကုမ္ပဏီ** ---------------

(ခ) အဖွဲ့အစည်းနှင့် နိုင်ငံသားတို့က ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခြင်း။

-------------------- မရှိပါ --------------------

(ဂ) အဖွဲ့အစည်းနှင့် အခြားအဖွဲ့အစည်းတို့က ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခြင်း။

-------------------- မရှိပါ --------------------

၅။ ဖွဲ့စည်းထားပြီးဖြစ်သည့် သို့မဟုတ် ဖွဲ့စည်းမည့် စီးပွားရေးအဖွဲ့အစည်း ပုံသဏ္ဌာန်-

(က) တစ်ဦးတည်းပိုင် - ....

(ခ) ဖက်စပ်/အစုစပ်လုပ်ငန်း - **လီမိတက်ကုမ္ပဏီ**

(ဂ) လီမိတက်ကုမ္ပဏီ - **မိုးဘောင်တန်းစက်မှုကုမ္ပဏီလီမိတက်**

(ဃ) သမဝါယမအသင်း - ....

(အများနှင့်မသက်ဆိုင်သည့်ကုမ္ပဏီ/အများပိုင်ကုမ္ပဏီဟု ဖော်ပြ၍ ထည့်ဝင်မည့် မ,တည်ငွေရင်းအချိုးအစား၊စီမံခန့်ခွဲသူ/စီမံခန့်ခွဲမည့် သူများ၏ အမည်၊နေရပ်လိပ်စာများနှင့် ရာထူးတို့ကို ပူးတွဲတင်ပြရန်) **နောက်ဆက်တွဲ (၁)**

၆။ ဖက်စပ်/အစုစပ်လုပ်ငန်း ဖြစ်ပါက-

(က) အစုစပ်တို့က ထည့်ဝင်မည့်အစုငွေအချိုးအစားနှင့်ပမာဏ

....

(ခ) အကျိုးအမြတ်ခွဲဝေမည့် အချိုးအစား ....

(ဂ) အစုဝင်များ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ ....

(နေရာမလုံလောက်က သီးခြားစာရွက်ဖြင့် ဖော်ပြရန်)

၇။ သမဝါယမအသင်း/လီမိတက်ကုမ္ပဏီဖြစ်ပါက–

(က) ခွင့်ပြုမတည်ငွေရင်း – **ကျပ်သန်း (၅၀၀)**

(ခ) အစုရှယ်ယာ အမျိုးအစား – **တစ်စုလျှင်ကျပ်တစ်သောင်းတန်အစုရှယ်ယာ (၅၀,၀၀၀)**

(ဂ) အစုရှယ်ယာများကထည့်ဝင်မည့်အစုရှယ်ယာပမာဏ– **အစုရှယ်ယာ ကျပ်သိန်း ၃၅,၀၀၀,၀၀၀**

(အရေအတွက် ရှယ်ယာ)၃,၅၀၀

၈။ ရင်းနှီးမြှုပ်နှံမှု ပြုလုပ်လိုသည့် အဖွဲ့အစည်းနှင့် သက်ဆိုင်သောအချက်အလက်များ–

(က) မတည်ငွေရင်းပမာဏ(ဆောင်ပေါင်း)	ကိုယ်ပိုင် (ကျပ်)	နိုင်ငံခြားငွေ US$	စုစုပေါင်း (ကျပ်)
(၁) ငွေပမာဏ –	၁၅,၀၀၀	-	၁၅,၀၀၀
(နိုင်ငံခြား မ,တည်ငွေပါဝင်ပါကသီးခြားဖော်ပြရန်)			
(၂) စက်ပစ္စည်းကိရိယာများ တန်ဖိုးပမာဏ **နောက်ဆက်တွဲ (၂)**		၇၄.၉၀	၄၄၉.၄၀
(၃) မြေ		–	
(၄) အဆောက်အအုံများ		–	
(၅) ပရိဘောဂနှင့် လုပ်ငန်းသုံးပစ္စည်းများ တန်ဖိုးပမာဏ	၂,၀၀၀	–	၂,၀၀၀
နောက်ဆက်တွဲ (၃)			
(၆) ကုန်ကြမ်းပစ္စည်းတန်ဖိုးပမာဏ – **နောက်ဆက်တွဲ (၄)**	၁၆,၉၇၃	၁၂.၉၇	၁၇,၀၅၀.၈၂
စုစုပေါင်း	၃၃,၉၇၃	၈၇.၈၇	၃၄,၅၀၀.၂၂

(ခ) နိုင်ငံခြားမှ တင်သွင်းရန် လိုအပ်သည့်	ကျပ် (၀၀၀)	**US$(၀၀၀)**
(၁) စက်ပစ္စည်းများ၊ စက်ကိရိယာများ စသည့် ပစ္စည်းတို့၏တန်ဖိုးပမာဏ (ချေးငွေ) **နောက်ဆက်တွဲ (၂)**	၄၄၉.၄၀	၇၄.၉၀၀
(၂) ကုန်ကြမ်းပစ္စည်းများနှင့် အခြား အလားတူပစ္စည်းများ၏တန်ဖိုး (ချေးငွေ) **နောက်ဆက်တွဲ (၄)**	၇၇.၈၂	၁၂.၉၇၀
(၃) ကျွမ်းကျင်မှုနည်းပညာရပ်များ၏ တန်ဖိုးပမာဏ	–	–
စုစုပေါင်း	၅၂၇.၂၂	၈၇.၈၇၀

(ဂ) တည်ဆောက်မှုကာလ – (၆) လ (အဆောက်အအုံငှားရမ်းအသုံးပြုမည် ဖြစ်ပါ၍ စက်တပ်ဆင်မှုကာလ အတွက်သာ ဖြစ်ပါသည်)

(ဃ) ပဏာမ စူးစမ်းလေ့လာမှုပြုလုပ်မည့်ကာလ – (၃) လ

(င) တည်ဆောက်မှု စတင်မည့်အချိန် – ခွင့်ပြုမိန့်ရရှိပြီး(၆)လအတွင်း စက်များတပ်ဆင်ပြီး လုပ်ငန်းများ စတင်မည် ဖြစ်ပါသည်။

၉။ ဆောင်ရွက်မည့်စီးပွားရေးလုပ်ငန်းနှင့် သက်ဆိုင်သောအချက်အလက်များ–

(က) လုပ်ငန်းအမျိုးအစား – နံရံသုတ်ပုတင်းများ (Wall Putty) ထုတ်လုပ်ခြင်းလုပ်ငန်း (ကုန်ထုတ်လုပ်မှု/ဝန်ဆောင်မှုစသည်ဖော်ပြရန်)

(ခ) ရင်းနှီးမြှုပ်နှံမှု ပြုလုပ်မည့်ဒေသများ – ရန်ကုန်တိုင်း၊ လှိုင်သာယာမြို့နယ်၊ စက်မှုဇုံ(၂)၊ အကွက်အမှတ် (၁၃၉)နှင့် (၁၆၀)

(ဂ) ဆောင်ရွက်ပုံနည်းစနစ် – နိုင်ငံတကာအဆင့်မီ နံရံသုတ်ပုတင်းများ (Wall Putty) ထုတ်လုပ်ပြီးပြည်တွင်းပြည်ပသို့ရောင်းချမည်ဖြစ်ပါသည်။

(ဃ) နှစ်စဉ် စက်သုံးဆီလိုအပ်ချက်–

	အမျိုးအစား	အရေအတွက်
၁။	**ဒီဇယ်ဆီ**	**၁၀,၀၀၀ ဂါလံ**
၂။	**ဓါတ်ဆီ**	**၂၀,၀၀၀ ဂါလံ**
၄။	**စက်ဆီ၊ချောဆီ**	....

(င) နှစ်စဉ် လျှပ်စစ်ဓာတ်အားလိုအပ်ချက်–

အားအသုံးပြုမှု	မြင်းကောင်ရေ
၁။ လျှပ်စစ်ဓါတ်အား	**တနေ့လျှင် ၂၅၀ ကီလိုဝပ်**
၂။ ဓာတ်ဆီ/ဒီဇယ်အင်ဂျင်စက်အင်အား	....
၃။ ဘွိုင်လာအသုံးပြုအင်ဂျင်စက်အား	....
၄။ သဘာဝဓာတ်ငွေ့သုံးစက်အား	....
၅။ ပေးပို့သည့်အခြားအား (ရေအား/လေအား စသည်များ)	....

(စ) နှစ်စဉ် ရေလိုအပ်ချက် **၉,၀၀၀,၀၀၀ ဂါလံ**

(နေ့စဉ် ရေလိုအပ်ချက်ရှိလျှင် ဖော်ပြရန်) **တနေ့ ၃၀,၀၀၀ ဂါလံ**

(ဆ) နှစ်စဉ်လုပ်ငန်းသုံးပစ္စည်း/ကုန်ကြမ်းလိုအပ်ချက်

အမျိုးအမည်	**ရေတွက်ပုံ**	**အရေအတွက်**	**တန်ဖိုး (ကျပ်ထောင်ပေါင်း)**
၁။ အဓိကကုန်ကြမ်း			
(၁)................			....
(၂)................			....
		နောက်ဆက်တွဲ – (၄) (၆)	
၂။ အထောက်အကူကုန်ကြမ်း			
(၁)................			....
....			....
၃။ စက်သုံးဆီ/ဓါတ်ငွေ့များ –			
(၁)................			....
(၂)................			....

(ဇ) အဆောက်အအုံလိုအပ်ချက် – ၆၀' x ၁၂၀' **အဆောက်အအုံ**

(ဈ) မြေနေရာအမျိုးအစားနှင့်အကျယ်အဝင်းလိုအပ်ချက် – **၃.၈ ဧက (၁၅,၃၇၈.၀၆၈ စတုရန်းမီတာ)**

(ည) ခန့်မှန်းထုတ်လုပ်မည့်ကုန်ပစ္စည်း/ဆောင်ရွက်မည့်ဝန်ဆောင်မှု **(တစ်နှစ်ပျမ်းမျှ)**

အမျိုးအမည်	**ရေတွက်ပုံ**	**အရေအတွက်**	**တန်ဖိုး**
		နောက်ဆက်တွဲ(၅)	
....			....
....			....

(ဋ) ရောင်းချမည့်နည်းစနစ် – **ကုန်ချော၏ ၂၀% ကိုပြည်ပသို့ရောင်းချပြီး၊ ၈၀% ကို ပြည်တွင်းတွင် မြန်မာပြည်တွင်းရောင်းချမည်။**

၁၀။ နှစ်စဉ်ကုန်ထုတ်မှု/ဝန်ဆောင်မှုနှင့်စပ်လျဉ်းသောအချက်အလက်များ –

	ခန့်မှန်းခြေ	
	ကျပ်ငွေ	နိုင်ငံခြားငွေ
(က) လုပ်ငန်းလည်ပတ်ရန်လိုအပ်မည့်ကျပ်ငွေ	၃၃,၆၇၃,၀၀၀	–
(ခ) လိုအပ်မည့်နိုင်ငံခြားသုံးငွေ	–	၈၇,၈၇၀
(ဂ) ရရှိမည့်နိုင်ငံခြားသုံးငွေပမာဏ	–	–
(ဃ) ပြည်ပသို့တင်ပို့ရောင်းချနိုင်မည့် ကုန်ပစ္စည်း/ဝန်ဆောင်မှုတန်ဖိုးပမာဏ	–	–
(င) နှစ်စဉ်ပြည်တွင်း၌ရောင်းချနိုင်မည့် ကုန်ပစ္စည်း/ဝန်ဆောင်မှုတန်ဖိုးပမာဏ	–	–

နောက်ဆက်တွဲ(၅) (၇) (၈)

၁၁။ ဆောင်ရွက်မည့် စီးပွါးရေးလုပ်ငန်းတွင် လိုအပ်မည့် အမှုထမ်းများစာရင်း –

(က) ပြည်တွင်းမှ လိုအပ်မည့် အမှုထမ်းများ –

အမှုထမ်းအမျိုးအစား	ဦးရေ
စီမံခန့်ခွဲမှု	၅ ဦး
စက်ရုံဝန်ထမ်း	၃၀ ဦး
စုစုပေါင်း	၃၅ ဦး

နောက်ဆက်တွဲဇယား (၉)

……………	…………
……………	…………
……………	…………

(ခ) နိုင်ငံခြားမှ လိုအပ်မည့် ကျွမ်းကျင်သူနှင့် အတတ်ပညာရှင်များ –

ကျွမ်းကျင်မှုအမျိုးအစား	ဦးရေ	ခန့်ထားမည့်အချိန်ကာလ
ကျွမ်းကျင်သူပညာရှင် **(စက်တပ်ဆင်မှုကာလ)**	၁ ဦး	အချိန်ပိုင်း

၁၂။ စီးပွါးရေးတွက်ချေကိုက်မှုနှင့် စပ်လျဉ်းသော အချက်အလက်များ –

	ကျပ်ငွေ (ထောင်ပေါင်း)	နိုင်ငံခြားငွေ (ထောင်ပေါင်း)
(က) နှစ်စဉ်ဝင်ငွေရရှိမှု	၁၃၈,၆၇၂	၉၆
(ခ) နှစ်စဉ်လုပ်ငန်းကုန်ကျစရိတ်	၁၀၄,၈၇၉	၁
(ဂ) နှစ်စဉ်အသားတင်အမြတ်	၁၀,၆၈၀	၉၅
(ဃ) နှစ်အလိုက်ရင်းနှီးမြုပ်နှံမှု (ပထမနှစ်)	၃၃,၉၇၃	၈၇.၈၇

(င) အရင်းကျေကာလ – ၃ နှစ် ၁ လ

(စ) အခြား အကျိုးအမြတ်များ – **အလုပ်အကိုင် ပိုမိုရရှိ၍ နည်းပညာသစ်များ ရရှိပြီး၊ သွင်းကုန်အစားထိုး လုပ်ငန်းဖြစ်ကာ ပြည်ပသို့ တင်ပို့ ရောင်းချခြင်းဖြင့်နိုင်ငံတော် အတွက်နိုင်ငံခြားဝင်ငွေရရှိခြင်း၊**

(ဆ) အလုပ်အကိုင်သစ်များ ပေါ်ပေါက်လာမည့် အခြေအနေ – **အလုပ်သမား ၃၅ ဦး အလုပ်အကိုင်ရရှိပါမည်။**

နောက်ဆက်တွဲ (၉)

၁၃။ ဆောင်ရွက်ရန် အဆိုပြုချက်နှင့် စပ်လျဉ်းသည့် အထောက်အထားများ၊ အဆိုပြုတင်ပြသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအတွက် အောက်ဖော်ပြပါ အထောက်အထားများကို ပူးတွဲတင်ပြအပ်ပါသည်။

(က) ပရိုဂျက်စာချုပ်မူကြမ်း (လိုအပ်သည့်ကိစ္စတွင်)

(ခ) လုပ်ငန်းပိုင်းနှင့် ငွေရေးကြေးရေးဆိုင်ရာ အထောက်အထားများ၊

(ဂ) လက်ရှိ ဖွဲ့စည်းပြီး အဖွဲ့အစည်းဖြစ်ပါက သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်း/ဖွဲ့စည်းခြင်း မရှိသေးပါက သင်းဖွဲ့မှတ်တမ်းမူကြမ်းနှင့် သင်းဖွဲ့စည်းမျဉ်းမူကြမ်း၊

(ဃ) လက်ရှိဖွဲ့စည်းပြီး အဖွဲ့အစည်းဖြစ်ပါက လက်ရှိအခြေအနေနှင့် ပြင်ဆင်ဖွဲ့စည်းမည့်အခြေအနေ အထောက်အထားများ။

လက်မှတ်၊ ....
အမည်၊ ဦးရန်ရှင်းနောင်
ရာထူး၊ ဒါရိုက်တာ
မိုးတောင်တန်း စက်မှုကုမ္ပဏီ လီမိတက်
(လျှောက်ထားသူ)

ဘဏ္ဍာရေး အချက်အလက်များနှင့် ပတ်သက်၍

တွက်ချက်မှုဇယားများ

နောက်ဆက်တွဲ (၁)

Moe Taung Tann Industry Co., Ltd.
List of Executives to be appointed (Private Company)

Sr.No.	Name	Citizenship	Position	Address
1.	U Yan Shinn Naung	Myanmar 13/La-Ya-Na (Naing) 086661	Director	No.(55), 2nd. Street, Lanmadaw Township, Yangon.
2.	Daw Ywee Kwei Lan	Myanmar 13/La-Ya-Na (Naing) 086660	Director	No.(55), 2nd. Street, Lanmadaw Township, Yangon.
3.	U Kyauk That Phu	Myanmar LSO-134343	Director	No.153, 37th. Street, between 79th. & 80th. Road, Mahar Aung Myay Township, Mandalay.
4.	U Aik Maung	Myanmar LSO-148560	Director	No.153, 37th. Street, between 79th. & 80th. Road, Mahar Aung Myay Township, Mandalay.
5.	U Aik Htun	Myanmar MMUK-001920	Director	No.153, 37th. Street, between 79th. & 80th. Road, Mahar Aung Myay Township, Mandalay.

နောက်ဆက်တွဲ (၂)

Moe Taung Tann Industry Co., Ltd.
List of Machinery and Equipment to be Imported on Deferred Payment Loan Agreement

Sr. No.	Description	Qty	Amount (US$)
1.	Showing herring bone Showing core vessel Showing mixer machine (SZH - B - P - 1.5)	1 Set	17,000
2.	Steel vessel (TM 55) and spare parts	1 Set	14,000
3.	Steel boiler	1 Set	1,400
4.	Generator (200 KW)	1 No.	10,000
5.	Air conditioner	3 No.	1,500
	<u>Vehicles</u>		
6.	Truck(2 ton)	1 No.	10,000
7.	Station Wagon	1 No.	9,000
8.	Saloon	1 No.	12,000
		Total	74,900

နောက်ဆက်တွဲ (၃)

Moe Taung Tann Industry Co., Ltd.
Value of Furniture and Office Equipment

Sr. No.	Description	A/U	Qty	Unit Price	Amount (Kyat 000)
1.	Office Table	No.	15	20,000	300,000
2.	Chair	No.	20	1,800	36,000
3.	Sofa Box	No.	1	200,000	200,000
4.	Cabinet	Set	15	25,000	375,000
5.	Copying Machine	Set	1	340,000	340,000
6.	Type Writer	Set	2	150,000	300,000
7.	Fan	Set	15	7,000	105,000
8.	Furniture	Set	3	18,000	54,000
9.	Telephone Switchboard	Set	1	140,000	140,000
10.	Computer	Set	1	150,000	150,000
				Total	2,000,000

နောက်ဆက်တွဲ (၄)
Table (1)

Moe Taung Tann Industry Co., Ltd.
List of Raw Materials Requirement to be Imported on Deferred Payment Loan Agreement (for test run only)

Sr. No.	Description	A/U	Qty	Amount (US$)
1.	Polyvinyl Alcohol (PVA)	kg	5,000	870
2.	Special Glue	kg	6,000	1,100
3.	Whiting Dye	kg	125	3,000
4.	Ultramarine blue	kg	25	1,000
5.	Calcium Carbonate (Grade I, II, III)	kg	504,000	7,000
		Total		12,970

နောက်ဆက်တွဲ (၄)
Table (2)

List of Raw Materials Requirement for Per Year to be Purchased from Local for Commercial Operation

Sr. No.	Description	A/U	Qty	Amount (Kyat 000)
1.	Polyvinyl Alcohol (PVA)	kg	20,000	870
2.	Special Glue	kg	24,000	1,098
3.	Whiting Dye	kg	500	3,000
4.	Ultramarine blue	kg	100	1,000
5.	Calcium Carbonate (Grade I, II, III)	kg (000)	2,016	7,056
6.	Plastic Container (25 kg)	kg	30,000	19,500
7.	Plastic Container (5 kg)	kg	10,000	1,500
		Total		34,024

မှတ်ချက် ။ ။ ကုန်ကြမ်း ၆ လစာတန်ဖိုး ကျပ် (၁၆၉.၇၃)သိန်းကို Capitalized လုပ်ထားပါသည်။

နောက်ဆက်တွဲ (၅)
Sheet (1)

Moe Taung Tan Industry Co., Ltd

PROJECTED EXPORT SALES

PARTICULARS	UNIT	YEAR									
		1	2	3	4	5	6	7	8	9	10
Products											
Putty	Kgs	900,000	900,000	900,000	990,000	990,000	990,000	990,000	990,000	990,000	990,000
Sales											
Export 20%											
Putty	Kgs	180,000	180,000	180,000	198,000	198,000	198,000	198,000	198,000	198,000	198,000
Selling Prices											
Export-US$/Kg											
Putty	US$ ./Kg	0.50	0.50	0.50	0.50	0.50	0.50	0.50	0.50	0.50	0.50
Export Sale											
Putty	US$ (-000)	90	90	90	99	99	99	99	99	99	99

နောက်ဆက်တွဲ (၅)
Sheet (2)

Moe Taung Tan Industry Co., Ltd

PROJECTED LOCAL SALES

PARTICULARS	UNIT	YEAR									
		1	2	3	4	5	6	7	8	9	10
Products Putty	Kgs	900,000	900,000	900,000	990,000	990,000	990,000	990,000	990,000	990,000	990,000
Sales Local Sale -80% Putty	Kgs	720,000	720,000	720,000	792,000	792,000	792,000	792,000	792,000	792,000	792,000
Selling Prices Local-Kyats/Kg Putty	Kyat ./Kg	180	180	180	180	180	180	180	180	180	180
Sales Local-Kyats Putty	Kyat (-000)	129,600	129,600	129,600	142,560	142,560	142,560	142,560	142,560	142,560	142,560

Note: From Fourth Year Onwards 10% Production will be increased

နောက်ဆက်တွဲ (၆)
SHEET (1)

Moe Taung Tan Industry Co., Ltd
Calculation of Raw Material Cost from Local Market

PARTICULARS		YEAR									
		9Months	2	3	4	5	6	7	8	9	10
Raw Material Quantity											
PVA Polyving Alcohol	Kgs	15000	20000	20000	22000	22000	22000	22000	22000	22000	22000
Special Glue	"	18000	24000	24000	26400	26400	26400	26400	26400	26400	26400
Whiting Dye	"	375	500	500	550	550	550	550	550	550	550
Ultramarine Blue	"	75	100	100	110	110	110	110	110	110	110
Calcium Carbonate	(-000)	1,512	2,016	2,016	2,218	2,218	2,218	2,218	2,218	2,218	2,218
Plastic Container (25kg)	"	30,000	30,000	30,000	33,000	33,000	33,000	33,000	33,000	33,000	33,000
Plastic Container (5kg)	"	10,000	10,000	10,000	11,000	11,000	11,000	11,000	11,000	11,000	11,000
Raw Material Price	Kyats										
PVA Polyving Alcohol	./Kg	43.50	43.50	43.50	43.50	43.50	43.50	43.50	43.50	43.50	43.50
Special Glue		45.75	45.75	45.75	45.75	45.75	45.75	45.75	45.75	45.75	45.75
Whiting Dye		6000	6000	6000	6000	6000	6000	6000	6000	6000	6000
Ultramarine Blue		10000	10000	10000	10000	10000	10000	10000	10000	10000	10000
Calcium Carbonate		3.5	3.5	3.5	3.5	3.5	3.5	3.5	3.5	3.5	3.5
Plastic Container (25kg)		650	650	650	650	650	650	650	650	650	650
Plastic Container (5kg)		150	150	150	150	150	150	150	150	150	150
Raw Material Cost	Kyats										
PVAC Polyving Alcohol	(-000)	653	870	870	957	957	957	957	957	957	957
Special Glue		824	1,098	1,098	1,208	1,208	1,208	1,208	1,208	1,208	1,208
Whiting Dye		2,250	3,000	3,000	3,300	3,300	3,300	3,300	3,300	3,300	3,300
Ultramarine Blue		750	1,000	1,000	1,100	1,100	1,100	1,100	1,100	1,100	1,100
Calcium Carbonate		5,292	7,056	7,056	7,763	7,763	7,763	7,763	7,763	7,763	7,763
Plastic Container (25kg)		19,500	19,500	19,500	21,450	21,450	21,450	21,450	21,450	21,450	21,450
Plastic Container (5kg)		1,500	1,500	1,500	1,650	1,650	1,650	1,650	1,650	1,650	1,650
Total Cost		30,768	34,024	34,024	37,428	37,428	37,428	37,428	37,428	37,428	37,428

Note:For First 3 Months of first year of production 5 kinds of raw materials required will be imported (i.e for test run)
Later all the raw materials required will be purchased from local market
From fourth year onwards 10% production will be increased

Moe Taung Tan Industry Co., Ltd

Calculation of Raw Material Cost To Be Imported For Three Months of The First Year

PARTICULARS		3Months
Raw Material Quantity		
PVA Polyving Alcohol	Kgs	5000
Special Glue		6000
Whiting Dye		125
Ultramarine Blue		25
Calcium Carbonate		504,000
Raw Material Price	US$	
PVA Polyving Alcohol	./Kg	0.174
Special Glue		0.183
Whiting Dye		24
Ultramarine Blue		40
Calcium Carbonate		0.0139
Raw Material Cost	US$	
PVA Polyving Alcohol	(-000)	0.87
Special Glue		1.10
Whiting Dye		3.00
Ultramarine Blue		1.00
Calcium Carbonate		7.0
Total Cost		12.97

နောက်ဆက်တွဲ (၇)
SHEET (1)

MOE TAUNG TAN INDUSTRY CO., LTD

PROJECTED PROFIT AND LOSS ACCOUNT

(-000)

PARTICULARS	1			2			3			4.		
	Export US$	Local Kyats	Total Kyats	Export US$	Local Kyats	Total Kyats	Export US$	Local Kyats	Total Kyats	Export US$	Local Kyats	Total Kyats
Sales	90	129,600	130,140	90	129,600	130,140	90	129,600	130,140	99	142,560	143,154
Total Income	90	129.600	130,140	90	129,600	130,140	90	129,600	130,140	99	142,560	143.154
Cost of Sales												
Raw Materials	12.97	30,768	30,846		34,024	34,024		34,024	34,024		37,428	37,428
Labour		2,868	2,868		2,868	2,868		2,868	2,868		3,155	3,155
Electricity & Other		24,000	24,000		24,000	24,000		24,000	24,000		26,400	26,400
Adminstration		12,000	12,000		12,000	12,000		12,000	12,000		13,200	13,200
Selling & Marketing		24,000	24,000		24,000	24,000		24,000	24,000		26,400	26,400
Land Lease		1,200	1,200		1,200	1,200		1,200	1,200		1,200	1,200
Depreciation		245	245		245	245		245	245		245	245
Total Cost	13	95,081	95.159	-	98,337	98,337	-	98,337	98,337	-	108,028	108.028
Gross Profit	77	34,519	34,981	90	31,263	31,803	90	31,263	31,803	99	34,532	35,126
Commercial Tax		21,600	21,600		21,600	21,600		21,600	21.600		23,760	23,760
Net Profit	77	12,919	13,381	90	9,663	10,203	90	9,663	10,203	99	10,772	11,366
Corporate Tax										15	3,232	3,321
Profit After Tax	77	12,919	13,381	90	9,663	10,203	90	9,663	10,203	84	7,540	8,045

Note: Commercial Tax on Local Sale 20%
After 3 Years Tax Exemption
Corporate Tax on Export 15%
Corporate Tax on Local 30%

နောက်ဆက်တွဲ (၇)
SHEET (2)

MOE TAUNG TAN INDUSTRY CO., LTD

PROJECTED PROFIT AND LOSS ACCOUNT

(-000)

PARTICULARS	5			6			7			8		
	Export US$	Local Kyats	Total Kyats	Export US$	Local Kyats	Total Kyats	Export US$	Local Kyats	Total Kyats	Export US$	Local Kyats	Total Kyats
Sales	99	142,560	143,154	99	142,560	143,154	99	142,560	143,154	99	142,560	143,154
Total Income	99	142,560	143.154	99	142,560	143,154	99	142,560	143.154	99	142,560	143,154
Cost of Sales												
Raw Materials		37,428	37,428		37,428	37,428		37,428	37,428		37,428	37,428
Labour		3,155	3,155		3,155	3,155		3,155	3,155		3,155	3,155
Electricity & Other		26,400	26,400		26,400	26,400		26,400	26,400		26,400	26,400
Adminstration		13,200	13,200		13,200	13,200		13,200	13,200		13,200	13,200
Selling & Marketing		26,400	26,400		26,400	26,400		26,400	26,400		26,400	26,400
Land Lease		1,200	1,200		1,320	1,320		1,320	1,320		1,320	1,320
Depreciation		245	245		245	245		245	245		245	245
Total Cost	-	108,028	108.028	-	108,148	108,148	-	108,148	108,148	-	108,148	108,148
Gross Profit	99	34,532	35,126	99	34,412	35,006	99	34,412	35,006	99	34,412	35,006
Commercial Tax		23,760	23,760		23,760	23,760		23,760	23,760		23,760	23,760
Net Profit	99	10,772	11,366	99	10,652	11,246	99	10,652	11,246	99	10,652	11,246
Corporate Tax	15	3,232	3,321	15	3,196	3,285	15	3,196	3,285	15	3,196	3,285
Profit After Tax	84	7,540	8,045	84	7,456	7,961	84	7,456	7,961	84	7,456	7,961

Note: Commercial Tax on Local Sale 20%
Corporate Tax on Export 15%
Corporate Tax on Local 30%

နောက်ဆက်တွဲ (၇)
SHEET (3)

MOE TAUNG TAN INDUSTRY CO., LTD

PROJECTED PROFIT AND LOSS ACCOUNT

(-000)

PARTICULARS	9			10			Total		
	Export US$	Local Kyats	Total Kyats	Export US$	Local Kyats	Total Kyats	Export US$	Local Kyats	Total Kyats
Sales	99	142,560	143,154	99	142,560	143,154	963	1,386,720	1,392,498
Total Income	99	142,560	143,154	99	142,560	143,154	963	1,386,720	1,392,498
Cost of Sales									
Raw Materials		37,428	37,428		37,428	37,428	13	360,812	360,890
Labour		3,155	3,155		3,155	3,155	-	30,689	30,689
Electricity & Other		26,400	26,400		26,400	26,400	-	256,800	256,800
Adminstration		13,200	13,200		13,200	13,200	-	128,400	128,400
Selling & Marketing		26,400	26,400		26,400	26,400	-	256,800	256,800
Land Lease		1,320	1,320		1,320	1,320	-	12,600	12,600
Depreciation		245	245		245	245	-	2,450	2,450
Total Cost	-	108,148	108,148	-	108,148	108,148	13	1,048,551	1,048,629
Gross Profit	99	34,412	35,006	99	34,412	35,006	950	338,169	343,869
Commercial Tax		23,760	23,760		23,760	23,760		231,120	231,120
Net Profit	99	10,652	11,246	99	10,652	11,246	950	107,049	112,749
Corporate Tax	15	3,196	3,285	15	3,196	3,285	104	22,441	23,065
Profit After Tax	84	7,456	7,961	84	7,456	7,961	846	84,608	89,684

Note: Commercial Tax on Local Sale 20%
Corporate Tax on Export 15%
Corporate Tax on Local 30%

နောက်ဆက်တွဲ (၈)
SHEET (1)

Moe Taung Tan Industry Co., Ltd

CASH FLOW STATEMENT

(Kyat in thousands)

PARTICULARS	Construction Period	Operation Period									
	1	1	2	3	4	5	6	7	8	9	10
	1	Total	Total	Total	Total	Total	Total	Total	Total	Total	Total
	Kyats	Kyats	Kyats	Kyats	Kyats	Kyats	Kyats	Kyats	Kyats	Kyats	Kyats
CASH IN FLOW	527	13,626	10,448	10,448	8,290	8,290	8,206	8,206	8,206	8,206	8,206
Net Profit after Tax		13,381	10,203	10,203	8,045	8,045	7,961	7,961	7,961	7,961	7,961
Depreciation		245	245	245	245	245	245	245	245	245	245
Loan	527	-									
CASH OUT FLOW	34,500	-	-	105	105	105	105	105	-	-	-
Capital Contribution	33973	-	-								
Loan	527										
Loan Repayment				105.44	105.44	105.44	105.44	105.44			
NET CASH FLOW	(33,973)	13,626	10,448	10,343	8,185	8,185	8,101	8,101	8,206	8,206	8,206

Pay-back Period 3Years and 1 Month

နောက်ဆက်တွဲ (၈)
SHEET (2)

Moe Taung Tan Industry Co., Ltd

Calculation of Internal Rate of Return

(-000)

Year	Cash Inflow	Cash Outflow	Net Cash Flow	DF 20%		DF30%	
				Rate	PV	Rate	PV
*1	527	34500	(33,973)	0.833	(28,311)	0.769	-26133
1	13626		13,626	0.694	9,463	0.592	8063
2	10,448		10,448	0.579	6,046	0.455	4756
3	10,448	105	10,343	0.482	4,988	0.350	3621
4	8,290	105	8,185	0.402	3,289	0.269	2204
5	8,290	105	8,185	0.335	2,741	0.207	1696
6	8,206	105	8,101	0.279	2,261	0.159	1291
7	8,206	105	8,101	0.233	1,884	0.123	993
8	8,206		8,206	0.194	1,590	0.094	774
9	8,206		8,206	0.162	1,325	0.073	595
10	8,206		8,206	0.135	1,104	0.056	458
	78,506	525	57,634		6,381		(1,682)

Internal Rate of Return = 27.32%

Moe Taung Tan Industry Co., Ltd
Repayment of Loan Schedule

US$

Year	Principal US$	Repayment US$	Balance US$
1999-2000	87870		87870
2000-2001		Grace Period	87870
2001-2002		Grace Period	87870
2002-2003		17574	70296
2003-2004		17574	52722
2004-2005		17574	35148
2005-2006		17574	17574
2006-2007		17574	0

Remarks: 2 Years Grace Period

Moe Taung Tan Industry Co., Ltd

EMPLOYEE STATEMENT

(Kyats)

Sr No	Designation	Salary Month	Salary Years	No.of Employment	Yearly Total (-000)
1	Managing Director	30,000	360,000	1	360
2	General Manager	20,000	240,000	1	240
3	Accountant	15,000	180,000	1	180
4	Factory Manager	10,000	120,000	2	240
5	Office Staff	5,000	60,000	9	540
6	Skilled Worker	5,000	60,000	15	900
7	Driver	7,000	84,000	2	168
8	Security	5,000	60,000	2	120
9	Storekeeper	5,000	60,000	2	120
			-		0
			-		-
			-		-
			-		-
			-		-
	Total			35	2,868

List of Foreign Technician

Sr.No	Designation	No of Employment	Remarks
1	Technicians	1	Part time only

Note: No Need to Pay Remuneration For Foreign Technician

ပဋိညာဉ်စာချုပ် မူကြမ်းများ

မြေနှင့်အဆောက်အအုံငှားရမ်းခြင်း သဘောတူစာချုပ်(မူကြမ်း)

ဤမြေနှင့်အဆောက်အအုံငှားရမ်းခြင်း သဘောတူစာချုပ် (နောင်တွင် "အငှားစာချုပ်" ဟု ခေါ်ဆိုရမည်) ကို၊ ရန်ကုန်မြို့၌၊ ၁၉၉၉ ခုနှစ် .... လ ....ရက်နေ့တွင်၊ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊အနောက်ရွှေဂုံတိုင်၊အမှတ်(မ/၁၇၃)တွင်နေထိုင်သော ဦးမောင်ရင်(**EH**–၀၂၈၀၆၅) (ဤမှနောင်တွင် **"အငှားချထားသူ"** ဟု ရည်ညွှန်းခေါ်ဆိုရမည်ဖြစ်ပြီး၊ ယင်းစကားရပ်တွင်၊ စာသားများအရသော်လည်းကောင်း၊ အဓိပ္ပါယ်အရသော်လည်းကောင်း၊ ရှေ့နောက်ဆန့်ကျင် ကွဲလွဲခြင်းမရှိပါက၊ ၎င်း၏တရားဝင်ကိုယ်စားလှယ်များ၊ ဆက်ခံသူများနှင့် ဥပဒေအရ ခွင့်ပြုလွှဲအပ်ခံရသူများ ပါဝင်သည် ဟု မှတ်ယူရမည်) တို့က တစ်ဖက်

နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများအရ မှတ်ပုံတင် ဖွဲ့စည်းထားသည့် ကုမ္ပဏီလီမိတက်တစ်ခုဖြစ်သော "မိုးတောင်တန်း စက်မှု ကုမ္ပဏီ လီမိတက်" (ဤမှနောင်တွင် **"အငှားချထားခံရသူ"** ဟု ရည်ညွှန်းခေါ်ဆိုမည်ဖြစ်ပြီး၊ ယင်းစကားရပ်တွင်၊ စာသားများအရသော်လည်းကောင်း၊ အဓိပ္ပါယ်အရသော်လည်းကောင်း၊ ရှေ့နောက်ဆန့်ကျင် ကွဲလွဲခြင်း မရှိပါက၊ ၎င်း၏တရားဝင် ကိုယ်စားလှယ်များ၊ ဆက်ခံသူများနှင့် ဥပဒေအရ ခွင့်ပြုလွှဲအပ်ခံရသူများ ပါဝင်သည်ဟုမှတ်ယူရမည်)က ဤအငှားစာချုပ်အား ချုပ်ဆိုရန်၊ ကိုယ်စားပြု တာဝန်ပေးအပ်ခြင်းခံရသော၊ ဒါရိုက်တာ ဦးရန်ရှင်းနောင် အမျိုးသားမှတ်ပုံတင်အမှတ် (၁၃/လရန(နိုင်)၀၈၆၆၆၁) က အခြားတစ်ဖက်တို့သည် အောက်ပါစည်းကမ်းချက်များကို သတ်မှတ်၍ အငှားစာချုပ်ကို ချုပ်ဆိုကြပါသည်။

၁။ ရည်ရွယ်ချက်။

ဤအငှားစာချုပ် အရ "အငှားချထားခံရသူ" သည် ပြည်ထောင်စု မြန်မာနိုင်ငံတော်၊ ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ်၊ စက်မှုဇုံအပိုင်း (၂)၊ မြေကွက်အမှတ် (၁၃၉)နှင့်မြေကွက်အမှတ်(၁၆၀)တွင်၊ တည်ရှိသော အငှားချထားသူ ပိုင် စုစုပေါင်း မြေဧရိယာ(၃.၈)ဧက နှင့်တကွ ၎င်းမြေကွက်ပေါ်ရှိ ၆၀ပေ x ၁၂၀ပေ အဆောက်အဦးတစ်လုံးကို ကနဦး (၁၀)နှစ် ငှားရမ်းပြီး၊ တစ်ကြိမ်လျှင် ငါးနှစ်စီနှင့် နှစ်ကြိမ်သက်တမ်းတိုး၍ နံရံသုတ်ပူတင်း (Wall Putty) ထုတ်လုပ်ရန်အတွက် စက်ရုံတည်ဆောက်ရန် ပူးတွဲမြေပုံပါ မြေနေရာကို ငှားရမ်းခြင်း ဖြစ်ပါသည်။

၂။ အာမခံခြင်း နှင့် ကိုယ်စားပြုခြင်း။

အငှားချထားသူ သည် ဤမြေကို မိမိလက်ဝယ်တွင်ရှိပြီး၊ တရားဝင် ပိုင်ဆိုင်မှုရှိကြောင်း အာမခံသည်။ ဤမြေကွက်ကို အငှားချထားခံရသူကို အငှားချထားရန်သဘောတူသည်။ ဤအငှားချထားခံရသူသည် စာချုပ်ကို အကောင်အထည်ဖော်ရန် ငွေကြေးအင်အားပြည့်စုံသော ကုမ္ပဏီ လီမိတက် ဖြစ်ပါသည်။ ဤစာချုပ်တွင် လက်မှတ်ရေးထိုးသူ နှစ်ဖက်စလုံးသည် ဤသဘောတူစာချုပ် ချုပ်ဆိုနိုင်ရန် ဥပဒေအရ လုပ်ပိုင်ခွင့် အာဏာနှင့် ပြည့်စုံသူများ ဖြစ်ကြောင်း အာမခံသည်။

၃။ ဆောင်ရွက်ရမည့် ဥပဒေသ။

ဤအငှားစာချုပ်ဝင်များသည်၊ပြည်ထောင်စုမြန်မာနိုင်ငံ၏ တရားဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ စည်းကမ်းများ ၊ ညွှန်ကြားချက်များ၊ ကျင့်ထုံးများနှင့်အညီ၊ အငှားစာချုပ်ကြောင့် ဖြစ်ပေါ်လာသော ဆောင်ရွက်ရန် တာဝန်များကို အကောင်အထည်ဖေါ် ဆောင်ရွက်ရမည်။

၄။ ငှားရမ်းသည့်အချိန်ကာလ။

နံရံသုတ် ပူတင်းစက်ရုံ (Wall Putty Factory) တည်ထောင်ရန်အတွက် ငှားရမ်းမည့် ကာလမှာ ကနဦး (၁၀)နှစ် ဖြစ်ပြီး၊ (၁၀)နှစ်ပြည့်သောအခါတွင်၊ တစ်ကြိမ်လျှင် (၅)နှစ်စီဖြင့်၊ နှစ်ကြိမ် သက်တမ်း တိုးမြှင့်နိုင်သည်။

၅။ ငှားရမ်းခ။

(က) ငှားရမ်းခနှုန်းမှာတစ်နှစ်လျှင် ကျပ်(၁,၂၀၀,၀၀၀/-) (တစ်ဆယ့်နှစ်သိန်း) ကို အငှားချထား ခံရသူကအ ငှားချထားသူ သို့ ပေးချေရမည်။

(ခ) နှစ်စဉ် ငှားရမ်းခကို ငှားရမ်းခ စေ့ရောက်သောနေ့မှ တစ်လအတွင်း တစ်နှစ်အတွက် ကြိုတင် ပေးချေ သွားရမည်။

(ဂ) ငှားရမ်းခကို အစိုးရအဖွဲ့၏ ညွှန်ကြားချက်နှင့်အညီ ငါးနှစ်တစ်ကြိမ်၊ ပြီးခဲ့သော ငါးနှစ်တာ ကာလ ငှားရမ်းခ နှုန်းထားများ၏ ၁၅% (တစ်ဆယ့်ငါးရာခိုင်နှုန်း) ထက် မပိုစေဘဲ ညှိနှိုင်း ပြင်ဆင် သတ်မှတ်ခွင့်ရှိသည်။

၆။ အငှားစာချုပ်၏ အကျိုးသက်ရောက်မှုနှင့် ကာလ။

(က) ဤအငှားစာချုပ်သည် အငှားချထားသူနှင့် အငှားချထားခံရသူတို့ ဤစာချုပ်ပေါ်တွင် လက်မှတ် ရေးထိုးသည့်နေ့မှစ၍ အကျိုးသက်ရောက်ရမည်။

(ခ) ငှားရမ်းခြင်းကာလကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်မှ ခွင့်ပြုမိန့်ရရှိပြီး လုပ်ငန်းများ စတင်သည့်ရက် သို့မဟုတ် စာချုပ်လက်မှတ်ရေးထိုးပြီး (၃)လ အနက်၊ စောသည့်ရက်မှ စတင်ရေတွက်ရမည်။

(ဂ) ငှားရမ်းခြင်းကာလ ကုန်ဆုံးသောနေ့တွင် အဆိုပါမြေကွက်ပေါ်တွင်တည်ရှိသော အဆောက် အအုံနှင့် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများမှအပ ဆက်စပ်လျှက်ရှိသော ပစ္စည်းအားလုံးကို အငှားချထားခံရသူက ပြောင်းရွှေ့ပိုင်ခွင့်ရှိသည်။

၇။ စာချုပ်သက်တမ်းတိုးခြင်း။

စာချုပ်သက်တမ်းတိုးခြင်းနှင့် ပတ်သက်၍ အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်။

(က) အငှားချထား ခံရသူသည် စာချုပ်သက်တမ်း ကုန်ဆုံးပြီးနောက် ဆက်လက် ငှားရမ်းလိုပါက၊ စာချုပ်သက်တမ်း မကုန်ဆုံးမီ၊ အနည်းဆုံး (၃)လ ကြိုတင်၍ ငှားရမ်းလိုသည့် ကာလကို ဖော်ပြ၍ အငှားချထားသူသို့ တင်ပြရမည်။

(ခ) အငှားချထားသူက ဆက်လက်ငှားရမ်းလိုပါက ထပ်မံငှားရမ်းသည့်ကာလအတွက် ငှားရမ်းခ နှုန်းထားနှင့် စာချုပ်စည်းကမ်းချက်များကို နှစ်ဦးနှစ်ဖက်ညှိနှိုင်း၍ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်၏ သဘောတူညီမှုကို ရယူပြီး ဆက်လက်ငှားရမ်းခွင့် ရှိစေရမည်။

(ဂ) စာချုပ်ပါ အငှားသက်တမ်းကုန်ဆုံးပြီးနောက် မြေနှင့်အဆောက်အအုံကို ကောင်းမွန်သော အနေအထားအတိုင်း အငှားချထားသူသို့ အဖိုးစားနားမပါရှိပဲ ပြန်လည်လွှဲပြောင်းပေးရ ပါမည်။

၈။ "အငှားချထားခံရသူ" ၏ တာဝန်များ။

"အငှားချထားခံရသူ" က "အငှားချထားသူ" အား အောက်ပါများအတွက် ဤ"အငှားစာချုပ်" အရ ဆောင်ရွက်ပေးရန် တာဝန်များ ပေးထားပါသည်။

